


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေး မြို့၌ ဟောကြားသော တရားတော်

# တဏှာသည် အပ်ချုပ်သမား

(ပဋိစ္စသမုပ္ပါဒ်)

(၅၊၇၊၅၆)

၁၃၆

0110

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ,
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# တဏှာသည် အပ်ချုပ်သမား

## (ပဋိစ္စသမုပ္ပါဒ်တရားတော်)

THITSARPARAMI LIBRARY
(၅-၇-၂၆)
Date ........................

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားသော တရားတော်

# တဏှာသည်အစပ်ချုပ်သမား

(ပဋိစ္စသမုပ္ပါဒ်တရားတော်)
(၅-၇-၅၆)

ပဋိစ္စသမုပ္ပါဒ်မှာလဲ အစ၊ အလယ်၊ အဆုံးရယ်လို့ သုံးပါးရှိတယ်လို့ မှတ်ထားရမယ်။ ပဋိစ္စသမုပ္ပါဒ်မှာ အစ ရယ်၊ အလယ်ရယ်၊ အဆုံးရယ်လို့ သုံးပါးရှိတယ်လို့ မှတ်ထားရမယ်။ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိပါလိမ့်. . . (သုံးမျိုးပါဘုရား)။

အစ၊ အလယ်၊ အဆုံးသုံးပါးရှိတယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မှတ်ထားရမယ်၊ ကောင်းပြီတဲ့ ပဋိစ္စသမုပ္ပါဒ်မှာ အစ၊ အလယ်၊ အဆုံးသုံးပါးကိုသိရင် ဒီအထဲမှာ ဘယ်သူ့ကိုဖြတ်မှသာလျှင် ကိစ္စပြီးမလဲဆိုတဲ့ ဥစ္စာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ သေသေချာချာလာတယ်နော်။

ကိုင်း ဒကာဒကာမတို့ သူ့ကို အစ၊ အလယ်၊ အဆုံး သုံးပါးပြောရတော့မယ်ဆိုတော့၊ ပဋိစ္စသမုပ္ပါဒ်ခင်းဦးမှဖြစ်မယ်၊ မခင်းလို့ရှိရင်မဖြစ်ပါဘူး။

သူ့အင်္ဂါ တစ်ဆယ့်နှစ်ပါးနဲ့ ပတ်သက်တာလေး နည်းနည်းစောင့်ပြီးနားထောင်ပေါ့နော်. . . (တင်ပ့ါ)

တစ်နံပါတ်က အဝိဇ္ဇာဆိုတာ လူတိုင်းသိတယ်နော်၊ တစ်နံပါတ်က ဘာပါလိမ့်. . . (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာလို့ မှတ်ထားလိုက်တယ်။

## အဝိဇ္ဇာဆိုတာနိဗ္ဗာန်မရောက်နိုင်တဲ့ တရား

ဩော်. . . အဝိဇ္ဇာဆိုတာ ဒကာဒကာမတို့က တယ်ပြီးသကာလ ကြောက်လန့်ခြင်းမရှိကြဘူး၊ အဝိဇ္ဇာဆိုတာ လူတိုင်းလူတိုင်း အဝိဇ္ဇာ၊ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတာ သိနေတယ်။

အဝိဇ္ဇာဆိုတဲ့ အသံလေးကြားကြားနေတဲ့ ဦးခင်မောင်တို့က သိပ်မလေးစားဘူးပေါ့ဗျာ. . . (မှန်လှပါ) စင်စစ်ဧတော့ဖြင့် အဝိဇ္ဇာဆိုတာတခြားတော့မဟုတ်ပါဘူး ဒကာဒကာမတို့ နိဗ္ဗာန်မမြင်တဲ့တရားလို့မှတ်. . . (မှန်ပ့ါ)။

နိဗ္ဗာန်မရောက်နိုင်တဲ့တရားလို့မှတ်၊ အဝိဇ္ဇာဆိုတာ ဘာပါလိမ့် (နိဗ္ဗာန်မရောက်နိုင်တဲ့ တရားပါဘုရား)၊ ဒါလေး နက်သွားပြီ။

ဒကာ ဒကာမတို့. . . (မှန်လှပါ) အဝိဇ္ဇာဟာ သာမညလား. . . (မဟုတ်ပါဘူးဘုရား)၊ နိဗ္ဗာန်မရောက် နိုင်တဲ့ တရားပဲ။

## အဝိဇ္ဇာကြီးကြောင့်ခက်တယ်

ဘာတရားတဲ့. . . (နိဗ္ဗာန်မရောက်နိုင်တဲ့တရားပါ ဘုရား) အင်း. . . အဝိဇ္ဇာလေးကြောင့် ခက်နေတယ်လို့ မဆိုနဲ့ အဝိဇ္ဇာကြီးကြောင့် ခက်တယ်လို့ ပြောကြစမ်းပါ. . . (တင်ပါ့) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာကလေးကြောင့်လို့ မသုံးပါနဲ့၊ မသိမှုလေး ကြောင့် ခက်နေတာလို့ သာမညမျိုး မသုံးပါနဲ့၊ မသိမှုဆိုတာ အဝိဇ္ဇာပဲမဟုတ် လား. . . (မှန်ပါ့)။

မသိမှုလေးကြောင့် ခက်နေတာကြောင့် ကိုသစ်တို့ လူစုကသာမညမသုံးနဲ့နော်. . . (မှန်ပါ့) မသိမှုဟာ အဝိဇ္ဇာမို့ လား. . . (မှန်ပါ့)။

နိဗ္ဗာန်မရောက်နိုင်တာဘာတုံး. . . (အဝိဇ္ဇာပါ ဘုရား) ဟုတ်သားပဲ၊ ဒုက္ခေအညာဏံ၊ ဒုက္ခသမုဒယေ **အညာဏံ**၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိဏီ **ပဋိပဒါယ အညာဏံ** လို့ ဘုရားကလဲဟော၊ သူ့သဘော ကလည်း ဒီအတိုင်းဆိုတော့၊ ဒုက္ခတွေချုပ်ရာနိဗ္ဗာန်ကိုမသိ

မမြင်နိုင်တဲ့တရားဆိုတော့၊ မရောက်နိုင်တဲ့တရားပဲဆိုတာ ဒကာဒကာမတွေ ကောင်း ကောင်းသဘောကျကြပါနော် . . . (မှန်ပါ့)။

## နိဗ္ဗာန်မရောက်နိုင်တဲ့တရားအစစ်

အဝိဇ္ဇာဆိုတာ ဒကာဒကာမတွေမသိရုံပဲလား၊ နိဗ္ဗာန်မရောက်နိုင်တဲ့တရားလား. . . (နိဗ္ဗာန်မရောက်နိုင်တဲ့တရားပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မသိမှုလေးလား၊ မသိမှုကြီးလား. . . (မသိမှုကြီးပါဘုရား) အဲဒါတော့ဖြင့် လက်သပ်မမွေးလိုက်ပါနဲ့လို့ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

ဒါလက်သပ်မမွေးပါနဲ့ မသိတာ အခက်ဆုံးပဲဆိုတော့၊ သာမညအားဖြင့်တော့ သိပ်မနာဘူးပေါ့ဗျား၊ နိဗ္ဗာန်မရောက်နိုင်တဲ့တရားအစစ်ပဲလို့ မှတ်ပါ. . . (မှန်လှပါ)။

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်. . . (နိဗ္ဗာန်မရောက်နိုင်တဲ့တရားပါဘုရား)။

ကောင်းပြီ ဒါဖြင့် အဝိဇ္ဇာဆိုတာ နိဗ္ဗာန်မရောက်နိုင်တဲ့ တရားအစစ်လို့မှတ်ထား၊ အဝိဇ္ဇာပစ္စယာ ဘာတဲ့. . . (သင်္ခါရာပါဘုရား)။

ဩြော်. . . သင်္ခါရဆိုတာက ခင်ဗျားတို့ဘုံဘဝ

တောင့်တတဲ့ ကုသိုလ်လို့ဆိုနိုင်တာပဲ၊ ခင်ဗျားတို့ ဒေါသ၊ လောဘ၊ မောဟတွေဆိုတဲ့ အကုသိုလ်တွေကော. . . (ဆိုနိုင် ပါတယ်ဘုရား)။

ဆိုနိုင်တော့ ဒီတရားကျတော့ကို သင်္ခါရတရား ဒကာ ဒကာမတို့ ဒီတရားနှစ်ခုကဘာတဲ့. . . (သင်္ခါရတရားပါ ဘုရား)။

အေး ခင်ဗျားတို့က အရှုပစျာန် အားမထုတ်လို့ အနေဇာပိ သင်္ခါရတော့ မထည့်တော့ပါဘူး။

ကုသိုလ်နဲ့အကုသိုလ် ဘာတရားတဲ့. . . (သင်္ခါရ တရားပါဘုရား) ဩော်ကုသိုလ်လဲ သင်္ခါရတရား၊ အကုသိုလ် ကကော. . . (သင်္ခါရတရားပါဘုရား)။

## သင်္ခါရဆိုတာဒုက္ခဖြစ်အောင်လုပ်တတ်တဲ့တရား

သင်္ခါရဆိုတာ ပြုပြင်တတ်တာ သင်္ခါရဆိုတာ ဘာပါ လိမ့်. . . (ပြုပြင်တတ်တာပါဘုရား)။

ဘာကိုပြုပြင်တတ်သတုံးလို့ မေးတဲ့အခါကျတော့မှ ဒုက္ခကို ပြုပြင်တတ်တဲ့တရား ရှင်းကြပလား. . . ဘာကိုပြုပြင် တတ်သတုံး. . . (ဒုက္ခကိုပြုပြင်တတ်တာပါဘုရား)။

သင်္ခါရတရားဆိုတာ ဘာပါလိမ့်. . . (ဒုက္ခကိုပြုပြင် တတ်တဲ့တရားပါဘုရား) ဒုက္ခကို ဖြစ်အောင်လုပ်တဲ့တရား၊

သင်္ခါရတရားများ အကောင်းထင်မနေကြပါနဲ့၊ ခင်ဗျားတို့ မောင်မြရွှေတို့ ဘာလုပ်တတ်တဲ့တရားတုံး. . . (ဒုက္ခကို ဖြစ်အောင်လုပ်တဲ့တရားပါဘုရား)။

ဒုက္ခကို ဖြစ်အောင်တည်ထောင်တတ်တဲ့တရား၊ ဒုက္ခ ဖြစ်အောင် ပြုပြင်တတ်တဲ့တရား၊ ဒုက္ခကိုဖြစ်အောင် ပြုလုပ် တတ်တဲ့တရား။

သူများက သင်္ခါရတရားဟောနေတယ်၊ အရှင်ဘုရား က ဒုက္ခဖြစ်အောင်လုပ်တတ်တဲ့တရားဆိုတော့၊ ဒီအယူယူ တာ ဒကာဒကာမတွေကလဲ တို့နာစေချင်လို့ ဒီလောက်ပြော တာပဲလို့ ဒီလိုမဟုတ်ပါဘူးတဲ့။

ဘုရားဟောတော်မူတာကို ခင်ဗျားတို့ကနှိုက်နှိုက် ချွတ်ချွတ် သူ့သဘောကို မသိသေးလို့သာ ဒီစကားဟာ ဒုက္ခ ဖြစ်အောင်လုပ်တတ်တဲ့တရားလို့ နာမည်ပေးတာကို ရင့်ရင့် သီးသီးကြီးလို့ ဒီလိုမအောက်မေ့ပါနဲ့နော် (မှန်လှပါ)။

ဒုက္ခဖြစ်စေတဲ့နေရာမှာ သူလောက်စွမ်းရည်သတ္တိရှိ တာ ဦးဘတင်ရှိကိုမရှိဘူး. . . (မှန်လှပါဘုရား)။

## ပဋိသန္ဓေဝိညာဏ်

သင်္ခါရပစ္စယာ(ဝိညာဏ်ပါဘုရား) ဝိညာဏ်ဆိုတော့ ပဋိသန္ဓေဝိညာဏ်ကို ဆိုတာ ဒကာဒကာမတွေရိပ်မိပြီ လား. . . (ရိပ်မိပါပြီဘုရား)။

ပဋ္ဌိသန္ဓေဝိညာဏ်ဆိုတော့၊ ပဋ္ဌိသန္ဓေနေတဲ့စိတ်ကလေးကို လုပ်လိုက်တာ၊ ပဋ္ဌိသန္ဓေနေတဲ့ ရုပ်ကလေးကိုလုပ်လိုက်တာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ပဋ္ဌိသန္ဓေဟာ ဘာသစ္စာတဲ့တုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို သူတို့နှစ်ယောက်ပြုပြင်ချလိုက်တာ သူတို့ကြောင့် ဒုက္ခဖြစ်ရတာ. . . (မှန်ပါ့ဘုရား) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

## ဒါရွတ်ဖတ်ဖို့မဟုတ်

သင်္ခါရပစ္စယာ ဝိညာဏ်ဆိုတော့ ဘုရားထဲ ထည့်ရှိခိုးရင်တောင် ခင်ဗျားတို့က ကုသိုလ်ရဦးတော့မည့်ပုံလောက်ပြောနေကြတယ်။

မခက်ဘူးလား. . . (မှန်ပါ့) ဘုရားထဲ ထည့်ရှိခိုးရင်တော့ သင်္ခါရပစ္စယာ ဝိညာဏ်နဲ့ လျှောက်များရွတ်နေတာမြတ်စွာဘုရားနှုတ်ခါးပတ်တော်တွေတဲ့။

အင်း. . . ကိုယ့်ဖြစ်စဉ်ပြောနေတယ်လို့ မသိဘူး၊ မြတ်စွာဘုရား နှုတ်ကပတ်တော်ဆိုပြီး သကာလ၊ ဒါကြုံတွေ့ရလေခြင်း မနည်းလှဘူး။

## ဒီလမ်းမသွားကောင်းဘူးလို့ပြောတာ

ဒီလိုဟောတာ မဟုတ်ပါဘူး ဒကာဒကာမတွေရ၊ ဒီလိုဟောတာမဟုတ်ပါဘူး၊ ဒါမင်းတို့ ဒီလမ်းအတိုင်းမသွားကောင်းဘူးလို့ဟောတာ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်လို ဟောတာပါလိမ့်. . . (မသွားကောင်းဘူးလို့ဟောတာပါဘုရား)။

မသွားကောင်းဘူးလို့ ဟောတဲ့ဥစ္စာ၊ ခင်ဗျားတို့က နှုတ်ကပတ်မို့ ရွတ်ပြီးသကာလ၊ ဟာ. . . နှုတ်ကပတ်တွေပဲ ရွတ်မှုပဲ သရဇ္ဈာယ်မှုပဲ၊ ဘုရားက ရွတ်ဖတ်တာလား သရဇ္ဈာယ်တာလားဆိုတော့ သူ့ဟာသူစစ်ဆေးတာ။

## ရွတ်ဖို့လား၊ စစ်ဆေးဖို့လား

ဩော်. . . တစ်သံသရာလုံး သူတို့ကြောင့် ဒုက္ခဖြစ်နေတာလို့ သူ့ဟာသူ စစ်ဆေးတာ၊ ဗောဓိပင်နှင့်ရွှေပလ္လင်ပေါ်မှာ၊ ခင်ဗျားတို့လို ရွတ်ဖို့လား စစ်ဆေးဖို့လား. . . (စစ်ဆေးဖို့ပါဘုရား)။

ဒကာ ဒကာမတွေက ဘာလုပ်နေတုံး. . . (ရွတ်ဖတ်နေပါတယ်ဘုရား)။

ရွှတ်တော့ ကိုယ့်လမ်းကိုယ် ခင်းနေသလိုဖြစ်နေတာ ပေါ့. . . (မှန်ပ့ါ) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဦးဝင်း ရွှတ်တော့. . . (ကိုယ့်လမ်းကိုယ်ခင်းတာပါ ဘုရား) ကိုယ်သွားမယ့်လမ်းကို ကိုယ်ခင်းသလို မကျဘူး လား. . . (ကျပါတယ်ဘုရား)။

ကိုယ်သွားမယ့်လမ်းက ဒီဘက်က ဒုက္ခအစုထဲသွား မယ်၊ မသွားဘူးလား. . . (သွားမှာပါဘုရား)။

## သူ့ဟာသူစစ်ဆေးရှာတာ

အဲတော့ ကိုယ့်ဟာကိုယ် ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဩော်. . . သူ့ဟာသူ စစ်ဆေးရှာတာဆိုတာ မှတ်ထားရမယ်. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီဒုက္ခသစ္စာကို ဘယ်သူပြုပြင်လိုက်တာပါလိမ့်. . . (သင်္ခါရပါဘုရား) ထားလိုက်ပါစို့ သင်္ခါရဟာ အနီးအကြောင်း ပဲထားပါတော့နော်။

ဒါဖြင့်သင်္ခါရနှစ်ခုက ပြုပြင်လိုက်တာ ဘာပါလိမ့် (ဝိညာဏ်ပါဘုရား) ဝိညာဏ်ဆိုတာပေါ်လာတယ်။

ဝိညာဏ်ဆိုတာ ဘယ်အခါဝိညာဏ်တုံးလို့မေးတော့၊ ပဋိသန္ဓေစိတ်ဆင်းတဲ့၊ ပဋိသန္ဓေဝိညာဏ်ကိုဆိုတာ၊ ဘာဆို တာပါလိမ့် (ပဋိသန္ဓေဝိညာဏ်ပါဘုရား)။

## ဘာသစ္စာဖွဲ့ကြမှာတုံး

ဘာသစ္စာဖွဲ့ကြမတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဟာ ဒီဒုက္ခ ဘယ်သူ့ကြောင့်ရတာတုံး ဒကာ ဒကာမတွေရ . . . (သခ်ီရကြောင့်ပါဘုရား)။

သခ်ီရနှစ်ခုကြောင့်ရတာ. . . (မှန်ပ့ါ)၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)၊ ဒီဒုက္ခ ဘယ်သူ့ကြောင့်ရတာတုံး . . . (သခ်ီရနှစ်ခုကြောင့်ပါဘုရား)။

ဒါဖြင့် လူ ပဋိသန္ဓေလည်း ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒီ သခ်ီရလက်ချက်ပဲ၊ နတ်ပဋိသန္ဓေ လည်း ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

သခ်ီရနှစ်ခုလက်ချက်ပဲ. . . (မှန်လှပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)၊ ဘယ်သူ့လက်ချက်ပါလိမ့်. . . (သခ်ီ ရနှစ်ခုလက်ချက်ပါဘုရား)။

ဒကာ ဒကာမတို့ ပူဇော်စရာလား၊ ပသစရာလား၊ ကျေးဇူးတင်စရာလားသာ အကဲခတ်ကြပေတော့။ ဘာလုပ် ရမတုံး. . . (သူ့ကိုပယ်ရမှာပါဘုရား)။ သူ့ကို ပယ်ပစ်ရမယ် . . . (မှန်ပ့ါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ကုသိုလ်၊ အကုသိုလ်ကို စွန့်ပစ်ရမယ်

'ကုသလံ ကုသလံ ဇဟံ' လုပ်ရမယ်။ ဒီ ပုညနှစ်ခုကို ကုသိုလ်နဲ့ အကုသိုလ်ကို စွန့်ပစ်ရမယ်။ ဒီကုသိုလ်နဲ့ အကုသိုလ်ကို ဘာလုပ်ရမတုံး. . . (စွန့်ပစ်ရမှာပါဘုရား)။

ခင်ဗျားတို့၊ ဩော်- ဘုန်းကြီးက ဟောရက်လိုက်တာ လို့ဆိုမလားတဲ့။ သူ့အကျိုးပေးမြင်ရလို့ စွန့်ပစ်ရမှာလား. . . (သူ့အကျိုးပေးမြင်ရလို့ စွန့်ပစ်ရမှာပါဘုရား)။

သူ့အကျိုးပေးက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာလုပ်တဲ့တရားကို အားလုံးဒကာဒကာမတို့ လက်သပ်မွေးလို့တော့ မတော်ဘူး. . (မတော်ပါဘူးဘုရား)။

ဘယ်လိုလုပ်ကြမတုံး. . . (စွန့်ပစ်ရမှာပါဘုရား)၊ အဲဒီကုသိုလ်မျိုးနဲ့ ဒီအကုသိုလ်မျိုး လုပ်ကိုမလုပ်ကောင်းဘူး၊ ဘာဖြစ်ရမယ်. . . (ဖြုတ်ပစ်ရမှာပါဘုရား)။

ဒါကြောင့် ဘုရားက 'ကုသလံ ကုသလံ ဇဟံ' လို့ နမက္ကာရမှာ မရွတ်ဘူးလား. . . (ရွတ်ပါတယ်ဘုရား)။

ဘာ့ကြောင့် ကိုယ်တော်မြတ်ကြီးကလည်း ကုသိုလ်နဲ့ အကုသိုလ် စွန့်ပါလိမ့်မတုံးဆိုတော့ ခင်ဗျားတို့တောင် ရိပ်မိပြီ . . . (တင်ပါ့)၊ ရိပ်မိကြသေးဘူးလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒါ

ဘယ်သူလုပ်လိုက်တာတုံး. . . (သင်္ခါရနှစ်ခုပါဘုရား)၊ ဒါဖြင့် စွန့်မှုတော်မလား၊ ပြုံးနေဖို့များ လိုသေးသလား. . . (မလိုပါဘူးဘုရား)။

လိုသေးသလား. . . (မလိုပါဘူးဘုရား)၊ မလိုတော့ပါဘူးတဲ့၊ ဒီလိုအချက်ကျပြတဲ့အခါကျတော့ ဒကာ ဒကာမတွေက သံသယရှိသေးလား. . . (မရှိတော့ပါဘူးဘုရား)။

ဇာတိပိ ဘယ့်နှယ်ခေါ်ကြမတုံး. . . (ဒုက္ခပါဘုရား)၊ သူဇာတိပဲဗျ၊ ပဋိသန္ဓေဇာတိပဲ။ ပဋိသန္ဓေဝိညာဏ်ဆိုတော့ ပဋိသန္ဓေဇာတိပဲဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီဇာတိဘယ်သူက တည်ထောင်လိုက်လို့ ဒီဇာတိဒုက္ခကြီး လှလှကြီးရနေပါလိမ့်မလဲလို့ မေးရင် ဒကာ ဒကာမတွေ ဘယ့်နှယ်ဖြေကြမတုံး. . . (သင်္ခါရနှစ်ခုကြောင့်ပါဘုရား)။

သင်္ခါရနှစ်ခုကြောင့် ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ သင်္ခါရနှစ်ခုကို သင်္ခါရဆိုတော့ ခင်ဗျားတို့က ဖြုန်းခနဲမသိဘဲနေမှာစိုးတဲ့အတွက် ကုသိုလ်နဲ့ အကုသိုလ်လို့ပဲ မှတ်လိုက်တာပေါ့. . . (မှန်ပါ့)။

သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ဘာဆိုကြမယ်. . . (ကုသိုလ်နဲ့ အကုသိုလ်ပါဘုရား)။

ကုသိုလ်နဲ့ အကုသိုလ် ဒကာ ဒကာမတို့၊ ဒါဖြင့် ကုသိုလ်နဲ့ အကုသိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ ဘာလုပ်ပါလိမ့်မတုံးလို့ မေးတော့မှ ဒီဘက်က ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်- ကုသိုလ်လည်း လုပ်ရသေး၊ ဒုက္ခလည်း ရောက်သေး၊ အကုသိုလ်လုပ်လို့ ဒုက္ခရောက်ရင်တော့ မဆိုလှပါဘူး၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## မလုပ်တတ်တဲ့ပုဂ္ဂိုလ်လုပ်တဲ့ ကုသိုလ်

ကုသိုလ်လုပ်လို့ ဘာဖြစ်နေတုံး. . . (ဒုက္ခရောက်နေတာပါဘုရား)။ အဲ့ဒါ ခင်ဗျားတို့ မလုပ်တတ်တဲ့ပုဂ္ဂိုလ်လုပ်တဲ့ ကုသိုလ်. . . (မှန်လှပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)

ဒါ ဘယ်လို ပုဂ္ဂိုလ်ပါလိမ့်။ ဒီကုသိုလ်ဟာ. . . (မလုပ်တတ်တဲ့ပုဂ္ဂိုလ်လုပ်တဲ့ ကုသိုလ်ပါဘုရား)။

ဒါဖြင့် ကုသိုလ်လုပ်တယ်၊ ကုသိုလ်လုပ်တယ်ဆိုပြောသော်လည်း၊ အားလုံး အားလုံး ဒကာဒကာမတွေ စဉ်းစားဖို့ တော့ကောင်းပါတယ် ဟုတ်ဘူးလား. . . (တင်ပါ့ဘုရား)။

ကိုယ့်သေကြောင်းကြံမယ့် ကုသိုလ်တော့. . . (မလုပ်သင့်ပါဘူးဘုရား)၊ ကိုယ်ဒုက္ခရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်မျိုး. . . (မလုပ်သင့်ပါဘူးဘုရား)။

မလုပ်သင့်ဘူးဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီ ဘုရား)။

အဲ့--ဒါကြောင့် ကုသိုလ်ကိုတော့ ဘုန်းကြီးတို့က ဘုရားက အသေအချာဟောတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ ပုညာ-ကုသိုလ်လုပ်မှာကို ကြောက်မနေနဲ့၊ ရဲရဲတင်းတင်းလုပ် မဟောဘူးလား. . . (ဟောပါတယ်ဘုရား)။

## ရဲရဲတင်းတင်းလုပ်ဆိုတာ ဒီကုသိုလ်မျိုးမဟုတ်ဘူး

အဲ့ဒါ ဒီကုသိုလ်မျိုးမဟုတ်ဘူးဗျ၊ ရိပ်မိကြပလား. . . ဝဋ်ကျွတ်ချင်တဲ့ကုသိုလ်မျိုးတော့ မကြောက်နဲ့ ရဲရဲတင်းတင်း လုပ်ပါ။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဝဋ်ကျွတ်ချင်တဲ့ကုသိုလ်တော့. . . (ရဲရဲတင်းတင်း လုပ်ရမှာပါဘုရား)။ ဒုက္ခသစ္စာဖြစ်မယ့် ကုသိုလ်တော့. . . (မလုပ်ရပါဘူးဘုရား)။

"ကုသလံ ကုသလံ ဇဟံ" ထဲသွင်း၊ သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

## ဆရာကောင်းက လမ်းညွှန်ပြနေတာနော်

ဒါ အားလုံး ဒကာ ဒကာမတွေမှာ၊ ခု ဆရာကောင်း သမားကောင်းမို့ လမ်းညွှန်ပြီး ပြနေတယ်နော်၊ တော်တော် အရေးကြီးတယ်လို့ အောက်မေ့ပါ. . . (မှန်ပါ့)။

ဦးဘတင် ဘယ့်နှယ်တုံး. . . (တော်တော်အရေး ကြီးပါတယ်ဘုရား)။

ဩော်- တို့ရမ်းလုပ်နေတဲ့ ကုသိုလ်တွေပါလားဆို တာကော ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ရမ်းလုပ်နေတဲ့ ကုသိုလ်တွေက ဘာသစ္စာရတုံး. . . (ဒုက္ခသစ္စာရပါတယ်ဘုရား)၊ ဟ ဘယ်သူ့ကြောင့် ရတာတုံး . . . (သင်္ခါရနှစ်ခုကြောင့်ပါဘုရား)။

သင်္ခါရက ဘာပါလိမ့်. . . (ကုသိုလ်နဲ့ အကုသိုလ်ပါ ဘုရား)၊ အဲ့ ကုသိုလ်နဲ့ အကုသိုလ်ကြောင့်၊ တစ်ခါတည်း ဒုက္ခသစ္စာကြီး လှလှကြီးရပြီးသကာလနေတော့၊ ဒကာ ဒကာမတွေကလည်း ထိပ်ချလို့မှ ဓားပြမှန်းမသိသေးတာက အတော်အရုပ်ဆိုးတယ်။

ဦးစံရင်တို့ အတော်အရုပ်ဆိုးနေတယ်၊ ထိပ်ချလို့မှ ဓားပြမှန်းမသိသေးဘူးဆိုရင်၊ ဒီလူ ဘယ့်နှယ့်ဆိုကြမလဲ၊ အင် မတန်အ,တယ်၊ အင်မတန် ထူတယ်ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

## နှစ်ခါမိုက်ဖြစ်မယ်

ဘာပြုလို့ဆိုထိုက်ပါသတုံး မေးရင်၊ ဒုက္ခသစ္စာကိုယ်ကိုယ်တိုင် အမိဝမ်းခေါင်းထဲမှာ၊ ကိုးလခွဲ ဆယ်လအငတ် အပြတ်ကျင်ကြီးကျင်ငယ်တွေနဲ့ လူ့ည့်ပတ်ပြီးသကာလ၊ ဒီထဲမှာ နေခဲ့ရတယ်၊ အသက်တောင် မရှူရအောင် အလုံထောင်ထဲကျပြီး၊ ဆင်းရဲခြင်းမက ဆင်းရဲတဲ့အထဲ ရောက်ပြီးသားတောင်မှ၊ နောက် ပဋိသန္ဓေကို ထပ်ပြီးလိုချင်တဲ့ ကုသိုလ်မျိုး လုပ်ဦးမယ်ဆိုလို့ရှိရင်ဖြင့် နှစ်ခါမိုက်ပဲ. . . (မှန်လှပါ)။

အရင်နေဖူးတဲ့ဥစ္စာကို မသိတာက တစ်ခါမိုက်၊ နောက်နေချင်တာက. . . (တစ်ခါမိုက်ပါဘုရား)။ တစ်ခါမိုက်နော်၊ အရင်နေဖူးတာ မသိတာက. . . (တစ်ခါမိုက်ပါဘုရား)၊ နောက်နေချင်တာက. . . (တစ်ခါမိုက်ပါဘုရား)။

ဘယ်နှစ်ခါမိုက်ကြတုံး. . . (နှစ်ခါမိုက်ကြပါတယ်ဘုရား)။

ဒီတစ်ခါ နှစ်ခါမိုက်ကို မစွန့်ပြန်ဘူးဆိုရင် နောက်နှစ်ခါ မိုက်က လာဦးမယ်. . . (မှန်ပါ)။ မလာပေဘူးလား. . . (လာမှာပါဘုရား)။

နှစ်ခါပေါင်း ရေတွက်နိုင်ပါ့မလား. . . (မရေတွက်နိုင်ပါဘူးဘုရား)။ အေး- ဒါကြောင့် ခုလို ဆရာကောင်းသမားကောင်းကြုံတဲ့အခါ၊ ခင်ဗျားတို့ တကယ်အကျိုးစီးပွား

အလိုရှိတဲ့ ဆရာသမားမို့ အင်း- ဒီကုသိုလ်မျိုးရှောင် ဒကာ ဒကာမတို့ ဟုတ်ပလား. . . (တင်ပ့ါ)။

## ဝင့်ကျွတ်တဲ့ကုသိုလ်ဆိုရင် ခန္ဓာရောင်းလှူ

ဒုက္ခဝင်မှ ကျွတ်ချင်တဲ့ ကုသိုလ်မျိုးကျတော့ ခန္ဓာရောင်းလှူလို့ပြော၊ မပြောဘူးလား. . . (မှန်ပ့ါ)။ ခန္ဓာရောင်းလှူကောင်းတယ်၊ သဘောကျပလား. . . (မှန်ပ့ါ)။

ဒုက္ခရောက်မယ့်ကုသိုလ်တော့. . . (ရှောင်ရမှာပါဘုရား)။ ရှောင်ရလိမ့်မယ်၊ ရှားရလိမ့်မယ်ဆိုတာ သဘောကျပလား. . . (တင်ပ့ါဘုရား)။

အဲတော့ကို ဒကာ ဒကာမတို့ ဝိညာဏ်သဘောကျကြလား. . . (ကျပါတယ်ဘုရား)၊ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

ဘယ်သူတည်ထောင်လိုက်တုံး. . . (သင်္ခါရနှစ်ခုပါဘုရား)။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သံယုတ် ပါဠိတော်များ ဟောချလိုက်တာ၊ ကွာတဲ့ ဒီနှစ်ယောက်၊ ဒီနှစ်ခုဟာ ရှားမီးတွင်းကြီးတစ်ခုရှိတယ်။

ရှားမီးတွင်းကြီးတစ်ခု၊ ရှားမီးတွေရဲနေတဲ့တွင်းကြီးထဲ တွင်းကြီးနဲ့အပြည့်ရှိတယ်။ အဲ့ဒီထဲမှာ လာသ၍လူကို ရှားမီးတွင်းနားမှာ အားကောင်းသောလူနှစ်ယောက်လည်း ရှိတယ် ကွတဲ့၊ သူတို့နှစ်ယောက်ကိုပြောတာ။

လာသရွှေ့လူကိုတဲ့၊ ဟောဒီ ဇာတိရှားမီးသွေးတွင်း ထဲ ပွေ့ချတယ်။ လာသရွှေ့လူ မင်းတို့ဝင့်တောင့်တတဲ့ လူစု ဒီထဲချမကွ။

ဒီ ရှားမီးသွေးတွင်းထဲချည်းချတာ၊ သဘောကျကြ လား. . . (မှန်ပ့ါ)။

သူတို့က အားကောင်းတဲ့လူနှစ်ယောက်. . . (မှန်ပ့ါ)။ သူတို့ကိုပဲ ပြမယ့်လူက ပြန်ပြီးသကာလ တံ့ပြန်နိုင် သေးသလားလို့မေးလို့ရှိရင် မတံ့ပြန်နိုင်ဘူး. . . (မှန်လှပါ)။

ဦးလှဘူးတို့က အလွန်အောင့်ခံတယ်၊ ရှင်းပလား. . (ရှင်းပါပြီဘုရား)။

## မီးတွင်းထဲချည်းပစ်ချတယ်

အဲ့ဒါ သူတို့က လာတဲ့လူအပေါင်း၊ သံသရာခရီးသည် ခရီးကိုမပြတ်ချင်တဲ့ ပုဂ္ဂိုလ်အပေါင်း၊ ခရီးကို မဆုံးချင်တဲ့ ပုဂ္ဂိုလ်အပေါင်းကိုဖြင့် ဒီရှားမီးတွင်းထဲ ဇာတိရှားမီးတွင်းထဲ ချည်းပစ်ချတယ်။

လူလည်း ဒီထဲချ၊ နတ်လည်း ဒီထဲချ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ ဒုက္ခသစ္စာ ရှားမီးတွင်းထဲချည်း ချဘူးလား . . . (ချပါတယ်ဘုရား)။

သဘောပါပလား. . . (ပါပါတယ်ဘုရား)။

အင်း- ဒီပုဂ္ဂိုလ်နှစ်ယောက်က အားကောင်းတဲ့လူနှစ်ယောက်လို့ ဘုရားဟောတော်မူတာများ၊ ခင်ဗျားတို့ကို မရှုန်းမကန်နိုင်လို့ ဒီကျတာ သဘောကျလား. . . (ကျပါပြီဘုရား)။

ကျပြီးခဲ့ကြပြီလားလို့မေးရင်. . . (ကျပြီးခဲ့ပါပြီဘုရား)၊ နောက်ထပ်များ ကျချင်သေးရဲ့လား. . . (မကျချင်တော့ပါဘုရား)။

မကျချင်လို့ရှိရင် အဲ့ဒီမကျချင်တဲ့အသံလေးဟာ ခင်ဗျားတို့ ဘယ်အခါမှ မထွက်တဲ့အသံ. . . (မှန်ပါ့)။

ဘယ်အခါမှ မထွက်တဲ့ မကျချင်ဘူးဆိုတဲ့အသံ အခုသုံးတာပဲ။ မကျချင်ဘူးဆိုတဲ့အသံ ဒကာ ဒကာမတို့ အခုသုံးတာပဲဆိုတော့၊ ဟာ- ဘုန်းကြီး တပည့်တော်တို့ လူဖြစ်လာတာ ကြာပြီလို့ ထင်ချင်လည်း ထင်လိမ့်မယ်။

မဟုတ်ပါဘူးတဲ့။ နောက်ထပ် မကျချင်ဘူးဆိုတာ ဒါလေးရယ် တို့ ဒီဘဝ ပဋိသန္ဓေကလေးက ဒုက္ခသစ္စာလို့ သိလို့ မကျချင်ဘူးပြောတာ ဒီဒုက္ခသစ္စာကို မသိဖူးဘူး ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီ ဒုက္ခသစ္စာလေးကို မသိဘူးတဲ့၊ ဒီလူနှစ်ယောက်က အားကောင်းတဲ့လူနှစ်ယောက်ပွေ့ချလို့၊ ဒီဒုက္ခသစ္စာ ရှားမီးတွင်းထဲမှာ အလူးအလဲခံနေရတယ်ဆိုတာကော သဘောကျလား. . . (ကျပါတယ်ဘုရား)။

**မိခင်ဝမ်းတွင်းဒုက္ခ**

အစားလည်း စားရရဲ့လား ဒကာ ဒကာမတို့. . . (မစားရပါဘူးဘုရား)၊ အဝတ်ကော ကပ်ရဲ့လား. . . (မကပ်ပါဘူးဘုရား)။

ခေါင်းပေါ်ကော ခွေးအန်ဖတ်နဲ့တူတဲ့အစာတွေ မရွက်ရဘူးလား. . . (ရွက်ရပါတယ်ဘုရား)၊ အောက်က အမေ့ကျောင်ကြီးပေါ်ကော မထိုင်ရဘူးလား. . . (ထိုင်ရပါတယ်ဘုရား)။

ကျောကော မျက်နှာကော မပူရဘူးလား. . . (ပူပါတယ်ဘုရား)၊ အသက်များရှူရသေးလား. . . (မရှူရပါဘူးဘုရား)။

ဘယ်အကောင်မို့လို့ ဒီလောက်အသက်ရှင်နေပါလိမ့် မတုံး မေးလိုက်ချင်သေးတယ်။ ဝဋ်အကောင်မို့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

သေပါတော့လားဆိုတော့ ဦးခင်မောင် ဘယ့်နှယ်တုံး . . . (မသေပါဘူးဘုရား)၊ မသေဘူး၊ ဝဋ်မကျွတ်မချင်း မသေဘူး. . . (တင်ပါ့)၊ သေပါ့မလား. . . (မသေပါဘူး)။

မသေတာ ဘယ်သေနိုင်လိမ့်မတုံး ဒကာ ဒကာမတို့ ကိုယ့်ကိုယ်က ဒီဝဋ်တွေ့ရပါလို၏ ဆိုပြီး၊ ဒီနှစ်ယောက်ကို ပွေ့ချစမ်းပါ၊ ခိုင်းထားတာသဘောကျလား. . . (ကျပါတယ်ဘုရား)။

ကုသိုလ်နဲ့အကုသိုလ် ပွေ့ချခိုင်းတာနော်. . . (မှန်ပါ့)။ ဘယ်လောက်ကြောက်စရာကောင်းတုံး. . . (ကောင်းပါတယ်ဘုရား)။

ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

တစ်သံသရာလုံးခင်ဗျားတို့ ဒီထောင်ထဲချည်းဒီရှားမီးတွင်းထဲချည်းကျလာတာ၊ အားလုံး ဒကာဒကာမတို့ ခင်ဗျားတို့ တစ်ခါမှမရိပ်မိခဲ့ဘူး၊ မရိပ်မိခဲ့ဘူး. . . (မှန်ပါ့)။

## နောက်ဘဝကောင်းစားရေး

အခုတော့ကြည့်လေ၊ တချို့လည်း မရိပ်မိသေးဘူး၊ နောက်ဘဝကောင်းစားရေးလုပ်တဲ့ပုဂ္ဂိုလ်ဟူသရွေ့ ဒီက စတာချည်းပဲ ဒီဇာတိက စနေတာပဲ။

နောက်ဘဝကောင်းစားရေးလုပ်တဲ့ပုဂ္ဂိုလ် ဘယ်က စတုံး. . . (ဇာတိကစပါတယ်ဘုရား)။ ဇာတိဆိုတာ ရှားမီးတွင်းထဲ ကျတာပဲ၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ကဲ- တချို့ ခုထက်ထိ ခင်ဗျားတို့ နောက်ဘဝကောင်းစားရေးဆိုတဲ့ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ် ဟုတ်လား၊ ရွှေတောင်ငွေတောင်နဲ့ နောက်ဘဝပေါက်ဖို့လုပ်တာဟူသရွေ့ သည်၊ ရွှေတောင်ငွေတောင်ပေါက် မပေါက်တော့ မပြောတတ်ဘူး၊ ရှားမီးတွင်းအရင်ကျမှာတော့ဖြင့် သေချာတယ်လို့ ဟောလိမ့်မယ်. . . (မှန်လှပါ)။

မဟောထိုက်ဘူးလား. . . (ဟောထိုက်ပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဇာတိပိ၊ ဘာသစ္စာတဲ့တုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာဆိုတော့ သုခများရောသေးလား. . . (မရောပါဘူးဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီ ဒကာ ဒကာမတို့ ဒီနေ့ဟောမယ့်တရားက အစွန်းသုံးပါးကို ဟောချင်တာပဲ၊ သို့သော် ဒါလေးချဲ့နေတာ တခြားမဟုတ်ဘူး။ ခင်ဗျားတို့ ဒီကစပြီး ဗဟုသုတအကုန်ရှိပါစေတော့လို့ ဟောနေတာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မဟောသင့်ဘူးလား. . (ဟောသင့်ပါတယ်ဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒါဖြင့် ဒီဒုက္ခသစ္စာ ဝိညာဏ်ဆိုတဲ့ဒုက္ခသစ္စာလည်း ရပြီ။ ဝိညာဏပစ္စယာ. . . (နာမရူပံ)။

## နာမ်နဲ့ရုပ်ပေါ်လာတယ်

နာမ်နဲ့ရုပ် ပေါ်လာသတဲ့ ဒကာ ဒကာမတို့၊ အင်း-ဘာပင်ကြောင့် ဘာအညွန့်များထွက်လာပါလိမ့်မတုံး၊ အကဲခတ်ပါတော့. . . (ဒုက္ခအပင်က ဒုက္ခအညွန့်ထွက်လာပါတယ် ဘုရား)။

ဒုက္ခအပင်က ဒုက္ခအညွန့်၊ ဒုက္ခအကိုင်းအခက်တွေ ဖြာလာတယ်. . . (မှန်ပါ့)၊ ဘာတွေများဖြာလာတုံး. . . (ဒုက္ခ အကိုင်းအခက်တွေပါဘုရား)။

ကြည့်လေဗျာ၊ ဇာတိပိက ဒုက္ခသစ္စာလို့ဆိုထားတော့၊ သူကနေပြီး ကျေးဇူးပြုလို့ခေါ်ရတဲ့ နာမ်ရုပ်ဆိုကတည်းက ဒကာ ဒကာမတို့ သူကထွက်လာတဲ့ အကိုင်းအခက်လို့ ဆိုနိုင် မဆိုနိုင်. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကိုင်း- သူတို့လည်း ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သူတို့လည်း ဘာသစ္စာတဲ့. . . (ဒုက္ခသစ္စာပါဘုရား)၊ ဩော်- အကိုင်းအခက်တွေတော့ ထွက်လာပြီ၊ အသီးများသီး ရင်တော့ ဒီအပင်က သီးရင်တော့ဖြင့် ခက်ဦးတော့မှာပဲ၊ ဘာ အသီးများ သီးမယ်ထင်ကြတုံး. . . (ဒုက္ခသီးပါဘုရား)။

အင်း- သူကပြန်ကျလိမ့်ဦးမယ်နော်. . . (မှန်ပါ့)၊ ပြန် ကျရင် ဘာအပင်များပေါက်မယ်ထင်တုံး. . . (ဒုက္ခအပင်ပါ ဘုရား)။

ဩော်- ခင်ဗျားတို့ ဇာတ်ထုပ်ကလည်း ခက်လိုက်တဲ့ ဖြစ်ခြင်း၊ ဘယ့်နှယ့်တုံး ဦးဘအုန်းကြီးရဲ့. . . (မှန်ပါ့)၊ ဟော့- မောင်ကိုတို့လူစုတွေ. . . (တင်ပါ့)၊ အတော်မခက်ဘူးလား . . . (ခက်ပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အခု ဘာတွေထွက်လာတုံး ဒကာ ဒကာမတွေရဲ့ ပြောကြပါဦး. . . (ဒုက္ခအကိုင်းအခက်တွေပါဘုရား)။ ဒုက္ခ အကိုင်းအခက်တွေထွက်လာတယ်။

အင်- ဒုက္ခအကိုင်းအခက်တွေထွက်လာလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခက်ပါပေရဲ့။ သူကမျှား သီးပွင့်လာမယ်ဆို ရင်ဖြင့်၊ ဒီတောနေတော့ ဒီတောနားမှာ မှီခိုနေတဲ့ ပုဂ္ဂိုလ်တွေ တော့ဖြင့်၊ အင်း- သူ့အဆိပ်သင့်ပြီးသကာလ အနံ့နဲ့လည်း သေ၊ စားမိလို့လည်းသေဆိုတော့တာဖြင့် သေခြင်းဆိုးတော့ သေကြတော့မှာပဲ. . . (မှန်လှပါ).

ဒီအပင်က သီးလာတာ ပွင့်လာတာတွေ စားမိ သောက်မိ မျိုမိကြမယ်ဆိုရင်ပေါ့လေ။ မျိုကြမှာပဲ။ ဒါကိုယ့် ခန္ဓာဆိုတော့ ကိုယ်ခင်ကြမှာပဲ။ ခင်ရင်မျိုတာပဲ. . . (မှန်ပါ့)။ သဘောကျပလား. . . (မှန်ပါ့)။

## ကိုယ့်ခန္ဓာကိုယ်ခင်တာ ဘာထင်ကြသတုံး

ကိုယ့်ခန္ဓာ ကိုယ်ခင်ကြတာ ဘာထင်ကြသတုံး. . . (မျိုတာပါဘုရား)၊ ကိုယ့်ခန္ဓာက ဘာသစ္စာတုံး. . . (ဒုက္ခ သစ္စာပါဘုရား)။

အဲ ဒုက္ခသစ္စာ ဒုက္ခသီး၊ ဒုက္ခပွင့်တွေမို့လား. . . (မှန်ပါ့)၊ အဲဒါတွေကို မျိုကြပြန်လို့ရှိရင်ဖြင့် ဘာပြောမယ်ထင်

ကြတုံးဗျ. . . (မနေရပါဘုရား)၊ သေရမှာပဲ။

မသေပေဘူးလား. . . (သေရမှာပါဘုရား)၊ အင်း- သူများပေးတဲ့အသီးစားမိလို့လား၊ ကိုယ့်အပင်ကအသီး ကိုယ်စားမိလို့ သေရတာလား. . . (ကိုယ့်အပင်ကအသီး ကိုယ်စားမိလို့ သေရတာပါဘုရား)။

ဒီလို**ချည်း**သေခဲ့ကြတယ်၊ ဘဝများစွာက ကိုယ့်အပင်ကသီးတဲ့အသီး ကိုယ်စားခဲ့လို့ သေခဲ့တာ**ချည်း**မှတ်ပေတော့။ ကိုယ့်ကိုယ်ကို ခင်မိလို့ သေခဲ့ကြတာကိုးဗျ။ ကိုယ့်ကိုယ်ကို စွန့်ချင်ကြရဲ့လား. . . (မစွန့်ချင်ပါဘူးဘုရား)။

မစွန့်ချင်တော့ ဒကာ ဒကာမတွေ ခင်ရက်တန်းလန်းနဲ့ သေသွားကြတဲ့အခါကျတော့ အပါယ်လေးဘုံမရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ ဒကာ ဒကာမတို့ အကိုင်းအခက်တွေတော့ထွက်လာပြီးနောက် ဘာပင်များ ဖြစ်မယ်ထင်ကြတုံး . . . (အသီးအပွင့်ဖြစ်မှာပါဘုရား)။

အင်း- ဒီအပင်မျိုးတော့ဖြင့် မျိုးပြတ်မှကောင်းမှာပါ။ မောင်မြရွှေတို့ ဘယ့်နှယ်ဆိုကြမတုံး. . . (မျိုးပြတ်မှကောင်းမှာပါဘုရား)။

## မျိုးပြတ်မှာစိုးရိမ်နေတဲ့ပုဂ္ဂိုလ်တွေ

ခင်ဗျားတို့ကလည်း မျိုးပြတ်မှာ ကြောက်လိုက်တဲ့ ဖြစ်ခြင်းမပြောပါနဲ့၊ ဆွေစဉ်ခုနက်ဆက်၊ မျိုးစဉ်ခုနစ်ဆက်ဆို တာတွေကိုလည်း အလွန်ကျေကျေနပ်နပ်ကြီး သဘောကျနေတာ၊ ဒီအပင်မျိုးကလည်း မျိုးပြတ်မှာစိုးရိမ်နေတဲ့ပုဂ္ဂိုလ်တွေက အတော်ခက်တယ်. . . (မှန်ပါ့)၊ ဟုတ်ဘူးလား. . . (မှန်ပါ့)။

သားလေး၊ သမီးလေးများ မထွန်းကားရင် ခင်ဗျားတို့က ဘယ်လိုများဖြစ်နေကြတုံး၊ ပူတယ်တဲ့၊ ဆွေဆက်မျိုးဆက်တွေ ပြတ်ပြီ။ ဖြစ်မှုဖြစ်ရလေခြင်း၊ ဘာတွေတုံး။ ဒုက္ခအပင်တွေမို့ ဒီဒုက္ခမျိုးတွေ ပြတ်သွားလို့ရှိရင် နောက် ဒီနေရာလူတွေရှိမှာမဟုတ်ဘူး။

ဒါကိုပဲ ကျုပ် အခက်ကြီးခက်နေလို့ ပြောချင်လည်း ပြောမယ် မပြောပေဘူးလား. . . (ပြောမှာပါဘုရား)။ အံမလေး၊ ရှုးလိုက်တဲ့ဖြစ်ခြင်းပါလား ဒကာ ဒကာမတွေ၊ ဘယ့်နှယ်ဖြစ်နေတာတုံး. . . (ရှုးတာပါဘုရား)။

သာမညအရှုးလားဗျာ. . . (မဟုတ်ပါဘူးဘုရား)၊ အကြီးအကျယ်ရှုးတာပဲဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒီနေ့ပျောက်ရင် ပျောက်ပါ၊ မပျောက်ရင် ရှုးလက်စသတ်တော့မှာမဟုတ်ပါဘူး. . . (မှန်ပါ့)။

## နာမရူပပစ္စယာ သဠာယတနာ

ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ. . . (သဠာယတနံ)၊ သဠာယတနံဆိုတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပေါ့ဗျာ။ သဠာယတန ခြောက်ပါး မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

အင်း- ဒကာ ဒကာမတွေ အကိုင်းအခက်က အသီးတွေလာပါပေါ့လား. . . (မှန်ပါ့)၊ ဒါ ကိုယ့်မျက်လုံးဗျာ၊ ကိုယ့်နားဗျာ၊ ကိုယ့်နှာခေါင်းဗျာ၊ ကိုယ့်လျှာဗျာ၊ ကိုယ့်ကိုယ်ဗျာ၊ ကိုယ့်စိတ်ဗျာ၊ ခြောက်မျိုးမနေဘူးလား. . . (ခြောက်မျိုးပါဘုရား)၊ သဘောကျပလား၊ ဘယ်နှစ်မျိုးပါလိမ့်. . . (ခြောက်မျိုးပါဘုရား)။

သဠာယတနပေါ့ဗျာ။ ခြောက်မျိုး၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်နှစ်မျိုးရှိတုံး. . (ခြောက်မျိုးပါဘုရား)။

## သဠာယတနဆိုတာ ခြောက်မျိုး

အဲ့ဒါ ခင်ဗျားတို့ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုယ့်မျက်လုံးကလေးကလည်း ဒကာ ဒကာမတို့ ကိုယ်ခင်ကြလားလို့မေးရင် ဘယ်နဲ့တုံး. . . (ခင်ပါတယ်ဘုရား)။

အင်း- မျက်လုံးလေးခင်လို့ပေါ့ဗျာ။ တစ်ခါတည်း မျက်လုံးတစ်လုံး ငါးရာဆိုလည်း ကုမှာပဲ၊ မကုပေဘူးလား . . . (ကုမှာပါဘုရား)၊ ဘာပြုလို့တုံး. . . (ခင်လို့ပါဘုရား)။

ခင်လွန်းလို့နော်၊ မျက်လုံးနဲ့ လူနဲ့ အိုးစားများကွဲသွားလို့ရှိရင်ဖြင့်၊ ကိုယ်ကျိုးနည်းချည့်ရဲ့၊ ဘယ်လောက်များဆိုးတယ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ ဒကာမတို့ နားလေးများကျတော့ကော. . . (ခင်ပါတယ်ဘုရား)၊ နှာခေါင်းလေး. . . (ခင်ပါတယ်ဘုရား)၊ လျှာလေး. . . (ခင်ပါတယ်ဘုရား)၊ ကိုယ်လေးကော. . . (ခင်ပါတယ်ဘုရား)။

အင်း- ကိုယ်ကလေး ခြင်လေးလာကိုက်တာတောင်၊ ဟာ မထိနဲ့ ကိုယ်လေးခင်ထားလိုက်တာ. . . (မှန်ပါ့)၊ ခြင်လေး လာထိတဲ့အခါကျလို့ရှိရင်၊ ခြင်လေးက အော်ပြီးလာတဲ့အခါကျလို့ရှိရင် ဒကာ ဒကာမတွေက ဒီလိုပဲ ကဲ- မင်းကြိုက်သလိုစားတော့လို့များ စွန့်ပစ်လိုက်လား. . . (မပစ်ပါဘူးဘုရား)။

ဘာ ယပ်တောင်နဲ့ခတ်ထုတ်၊ ဟိုကနေ ရိုက်ထုတ်၊ ဒါ ဘယ်သူ့ခင်နေတာတုံး. . . (ကိုယ်ကိုခင်နေတာပါဘုရား)။

အင်း- ကိုယ့်စိတ်ကလေး လာများစမ်းလိုက်ပြီဆိုမှဖြင့် အံမယ် ငါ့စိတ်ဘာထင်လို့တုံး၊ ကိုယ့်စိတ်အတော်ခင်ပါ့

လား. . . (မှန်ပါ့)၊ မခင်ဘူးလား. . . (ခင်ပါတယ်ဘုရား)။

ကိုယ်စိတ်ကောင်းမွေးထားတဲ့ဥစ္စာ၊ စိတ်ကောင်းမွေး ထားတဲ့ဥစ္စာ၊ စိတ်ကောင်းမွေးနေလို့ သည်းခံနေတာ၊ သူက ဘာများထင်သေးလို့ပါလိမ့်၊ အံမလေး ဒီစိတ်ကလေး အတော်ဆိုးနေပါလားဗျ၊ ဟင်။

## ဒုက္ခသီးတွေ စားကြတယ်

ဒကာ ဒကာမတို့ ကိုယ့်စိတ်ကို ခင်မခင်. . . (ခင်ပါ တယ်ဘုရား)၊ ခင်တယ်တဲ့၊ ကောင်းပြီ ဒါဖြင့် ဒီဥစ္စာသည် ကားလို့ဆိုလို့ရှိရင် ကိုယ့်ဟာကိုယ်တော့ဖြင့် မျိုကြပေါ့ဗျာ။ ဒုက္ခ ပင်၊ ဒုက္ခကိုင်း၊ ဒုက္ခအသီးတွေ စားကြ၊ မစားကြ ဘူးလား. . (စားမှာပါဘုရား)။

အင်း- ဒုက္ခသီးတွေ စားမိလို့ရှိရင်ဖြင့် ဒီပုဂ္ဂိုလ်သည် ကား ဒုက္ခရောက်ပြီး အသေဆိုးမှ သေပါ့မလားလို့ တွေးကြ စမ်း. . . (သေမှာသေချာပါတယ်ဘုရား)၊ ဦးဝင်း. . (မှန်ပါ့)။

သေချာပလား နောက်က ဒကာ ဒကာမတွေ. . . (သေချာပါတယ်ဘုရား)၊ ခင်ဗျားတို့ ခု စားသောက်နေကြတာ ဒါတွေပဲမဟုတ်လား. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ မျက်စဉ်းဝယ်တာလည်း မျက်စိဖို့၊ ဟုတ်ပလား. . . (မှန်ပါ့)၊ အင်း- နားဆေးတွေဝယ်တာလည်း

နားဖို့ ဟုတ်လား. . . (မှန်ပါ့)၊ အင်း- ခုခါ အမွေးပန်းတွေ ဝယ်ကြပြုကြတာလည်း နှာခေါင်းဖို့. . . (မှန်ပါ့)၊ ဒီအတိုင်း မနေဘူးလား. . . (နေပါတယ်ဘုရား)။

နေ့တိုင်း ဈေးချိုထဲမှာ ငါးအသားဟဲ့၊ သွားဝယ်ကြတာက လျှာဖို့၊ အဝတ် ဝယ်ကြတာက ကိုယ်ဖို့၊ ပန်းဥယျာဉ်တွေ စိုက်ကြတာက စိတ်ရွှင်လန်းဖို့၊ ပန်းဥယျာဉ်လေးတွေ စိုက်ကြတာက ဘာလုပ်ဖို့တုံး. . . (စိတ်ရွှင်လန်းဖို့ပါဘုရား)။

စိတ်ဖို့ အားကိုမအားတော့ပါဘူး၊ အားသေးရဲ့လား . . . (မအားတော့ပါဘူးဘုရား)၊ မအားပေမယ့်လည်း ခင်ဗျားတို့ကလည်း ဒီဥစ္စာအဆိပ်သီးတွေမျိုနေတယ်လို့လည်း စိတ်ထဲက ရောက်ကြရဲ့လား. . . (မရောက်ပါဘူးဘုရား)။

ဘယ်ရောက်မတုံးဗျ၊ သူတို့ဒုက္ခ၊ ပိဋကနဋ္ဌသဘောနဲ့ ဒုက္ခနှိပ်စက်မယ့်တရားတွေကို ခင်ဗျားတို့က ဉာဏ်က မရောက်တော့ဘူး. . . (မှန်ပါ့)၊ ရောက်သေးရဲ့လား. . . (မရောက်တော့ပါဘူးဘုရား)။

မရောက်သာ မရောက်တယ်။ ခင်ဗျားတို့ ဒီက ဒုက္ခရေသောက်မြစ်၊ ဒုက္ခမျိုးစေ့၊ ဒီက ဒုက္ခအကိုင်းအခက်၊ ဒီက ဒုက္ခအသီး၊ ဒုက္ခအပွင့် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါတွေ ဒကာ ဒကာမတွေက ငါ့ကိုယ်၊ ငါ့ဟာလုပ်နေတဲ့ဒကာ ဒကာမတွေက၊ တဏှာဒိဋ္ဌိနဲ့ ဒကာ ဒကာမတွေက

ဒီခြောက်ခုကိုပင်တဲ့၊ တစ်ခါတည်းအမွှန်းတင်ပြီးသကာလ ချစ်ကြ၊ ခင်ကြ၊ နေကြတော့တာပဲဆိုရင်ကော လွဲသလား. . (မလွဲပါဘူးဘုရား)။

## အဆိပ်သီးတွေမျိုနေတာ

ဒါ မျိုမကျတာလား၊ မမျိုကြဘူးလား. . . (မျိုကြပါတယ်ဘုရား)၊ ဘာသီးတွေမျိုပါလိမ့်. . . (ဒုက္ခသီးတွေ မျိုပါတယ်ဘုရား)၊ ဒုက္ခအဆိပ်သီးတွေ မျိုတယ်ဆိုတော့ ဒကာဒကာမတို့ အတော်ခက်နေပြီ။

ဘယ်သူစိုက်တာတုံး၊ ကိုယ်စိုက်တာ ဘယ်သူမျိုတုံး . . . (ကိုယ်မျိုတာပါဘုရား)၊ ဘယ်သူသေမှာတုံး. . . (ကိုယ်သေမှာပါဘုရား)၊ ဩော်- သေကြောင်းကြံနေကြတာကိုး၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်သူတုံး သေကြောင်းကြံနေတာ. . . (ကိုယ်ပါဘုရား)၊ ကိုယ့်ကိုယ်ကို သေကြောင်းကြံနေတာ. . . (မှန်လှပါ)။

အစိုးရက ဒီလိုလူတွေသာ တရားစွဲမယ်ဆိုရင် အကုန်စွဲရမယ်။ ခုဟာ ရေထဲခုန်ချတဲ့ လူတွေလောက်သာ စွဲနေလို့၊ ကြိုးဆွဲချတဲ့ လူတွေလောက်သာ စွဲနေလို့ ဟင်း . . . (မှန်ပါ့)။

ဒီလိုလူတွေ စွဲမယ်ဆိုလို့ရှိရင်ဖြင့် ဘယ်လိုဆိုကြမယ်၊ အကုန်လုံး ရုံးတောင်မဆန့်တော့ဘူး ဒကာ ဒကာတို့၊ ကိုယ့်ဟာကိုယ် သေကြောင်းကြံနေတဲ့ပုဂ္ဂိုလ်တွေ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီဟာလေး ခန္ဓာတွေ ချုပ်တည်းထားတာ မဟုတ်လား. . . (မှန်ပါ့)၊ ကိုယ့်မျက်လုံး၊ ကိုယ့်နား၊ ကိုယ့်နှာခေါင်း၊ ကိုယ့်ကိုယ်၊ ကိုယ့်စိတ် ဘယ်နှစ်မျိုးရှိတုံး. . . (ခြောက်မျိုးပါဘုရား)။

အဲ- ခြောက်မျိုးကိုဖြင့် ဒကာ ဒကာမတွေ စားလိုက်၊ သုံးလိုက်၊ မျိုလိုက်ဆိုတာကဖြင့် ငြင်းနေဖို့များ လိုသေးလား . . . (မလိုတော့ပါဘူးဘုရား)။

အဲ- မလိုတော့ ဒီဥစ္စာ ဘာလုပ်ကြတာတုံးမေးရင် ဒုက္ခအသီးတွေ မျိုကြသိပ်ကြတာ ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဘာပါလိမ့် . . . (ဒုက္ခသီးတွေ မျိုတာ သိပ်တာပါဘုရား) မျိုတာ သိပ်တာပဲ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ ဒီအသီးတွေ စားလို့ရှိရင်ဖြင့် ဘာအကျိုးများ ပေးလိမ့်မယ်ထင်တုံး . . . (သေမဲ့အကျိုးပါဘုရား) သေမယ် ဟုတ်လား . . . အဆိပ်သင့်ပြီး သေမယ် ရှင်းပလား . . . (မှန်ပါ့)။

## တဏှာ၊ ဥပါဒါန်၊ ကံ

ဦးခင်မောင် . . . (မှန်ပါ့) ဘယ့်နှယ် ထင်တုံး . . . (အဆိပ်သင့်ပြီး သေမှာပါဘုရား) အဆိပ်သင့်ပြီး သေတာ ကိုယ့်ကိုယ်ကို ခင်ပြီးသေတဲ့ ပုဂ္ဂိုလ်လဲ တဏှာနဲ့ သေရတော့ တဏှာ ဥပါဒါန် ကံ အပါယ်ဇာတိ . . . (မှန်ပါ့) မလာပေ ဘူးလား . . . (လာပါတယ်ဘုရား)။

သူတစ်ပါးလဲ သားမယားနဲ့တကွ သားသမီးတွေ ခင်ပြီး သေပြန်လို့ရှိရင်လဲ ဒီခြောက်ခု ခင်မှာပဲ . . . (မှန်ပါ့)။

ခင်ပြန်လို့ရှိရင် တဏှာ ဥပါဒါန် ကံ ဇာတိ အပါယ် ဇာတိပဲ လာမလာ . . . (လာပါတယ်ဘုရား)။

ဒါ ဘယ်လို ပုဂ္ဂိုလ်၊ မျိုးတဲ့ပုဂ္ဂိုလ် ဝမ်းထဲမှာ အရောက် လှိုက်လှိုက်လှဲ့လှဲ့ ခင်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ . . ဟုတ်ပလား . . . (မှန်ပါ့)။

သားသမီးတွေပေါ် ခင်တာ အပေါ်ယံများ ခင်ကြ သလား (မဟုတ်ပါဘူးဘုရား) ဘယ်လိုပါလိမ့် . . . (လှိုက် လှိုက်လှဲ့လှဲ့ ခင်တာပါဘုရား)။

လှိုက်လှိုက်လှဲ့လှဲ့၊ ကိုယ့်ကိုယ်ကို ခင်တာကော . . . (လှိုက်လှိုက်လှဲ့လှဲ့ပါဘုရား) အံမယ် မျိုမှ မျိုမိကြရဲ့လား . . . ဝမ်းထဲမှ ရောက်ကဲ့လား . . . လျှာပေါ်တင်များ ဝဲနေရော့ လား . . . (ဝမ်းထဲရောက်ပါတယ်ဘုရား)။

ဘယ့်နှယ်ထင်ကြတုံး . . (ဝမ်းထဲရောက်ပါတယ်ဘုရား). . . ဝမ်းထဲရောက်တယ်ဆိုတော့ ဒကာဒကာမတို့ ဆေးချက်ကုန်ပြီ . . . (မှန်ပါ့) ဘယ့်နှယ့်တုံး . . . (ဆေးချက်ကုန်ပါပြီဘုရား)။

ဆေးချက်ကုန်ပြီ ဦးစံရင်ရဲ့ ဘယ့်နှယ်ဖြစ်နေတုံး ဆေးချက်ကုန်ပြီဆိုတာ သဘောကျလား . . . (မှန်ပါ့)။

အပေါ်ယံဆိုရင် နှိုက်ထုတ်လို့ရသေးတယ်၊ ဝမ်းထဲရောက်သွားပြီဆိုမှဖြင့် ဒကာဒကာမတို့ အူသိမ် အူမတွေနဲ့ တကွ ပြတ်တောက်ပြီးသွားတဲ့ အဓိပ္ပါယ် မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒကာဒကာမတို့ သတ္တဝါသေတာ အပါယ်ရောက်တာ ကံမကောင်း အကြောင်းမသင့်လို့ ရောက်တာလား၊ အဆိပ်သီးတွေ စားမိ မျိုမိလို့ ရောက်တာလား . . . (အဆိပ်သီးတွေ စားမိ မျိုမိလို့ ရောက်တာပါဘုရား)။

## ကံက အလကားခံရတာ

ကံက အလကားခံရရှာတာဗျ . . . (မှန်ပါ့) ကံက အလကားခံရတာ . . . (တင်ပါ့) ကိုယ့်ကိုယ်ကို ခင်မှုတဏှာကလဲ မျိုမိလို့၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

သားသမီးနဲ့ ပစ္စည်း ခင်မိတဲ့ တဏှာကခင်မှု တဏှာနဲ့ မျိုမိလို့ ဘာဖြစ်ရတုံး ကံက ဘာမှမဆိုင်ဘူး၊ ကိုယ့်ဟာကို မျိုဆိပ်သင့်လို့ မျိုတဲ့အဆိပ်သင့်လို့ သဘောကျပလား . . . (မှန်ပါ့)။

စွဲချက်တင်လိုက်တော့ . . . (မျိုတဲ့ကံပေါ် ချတာပါဘုရား) ကံပေါ် ချတာ . . . သဘောကျပလား . . . (မှန်လှပါ)။

## တဏှာကခိုင်းတာ

အဲတော့ တဏှာက ပြုံးတာပေါ့ တဏှာက မျိုခိုင်းလို့ သူတို့မျိုတာ၊ သူတို့ကံဆွဲချတယ်၊ ငါအနေသာကြီးပဲ ဖြစ်နေတယ် . . . (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဘယ်သူက လှည့်စားသွားတာတုံး . . . (တဏှာက လှည့်စားသွားတာပါဘုရား) မျိုတာတော့ ဘယ်သူကမျိုတာတုံး . . . (တဏှာက မျိုတာပါဘုရား) တဏှာက မျိုခိုင်းလို့ ခင်ဗျားတို့ မျိုတာ . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်သူက မျိုခိုင်းတုံး . . . (တဏှာက မျိုခိုင်းတာပါဘုရား) တဏှာက မျိုခိုင်းတော့ မျိုတော့ သေရော ဆိုကြပါစို့ ဒကာဒကာမတွေနော်။

သေတဲ့ အခါကျတော့ကို ဒကာဒကာမတွေ ခင်ဗျား တို့က ညည်းလုံးထုတ်တယ်၊ ကံမကောင်း အကြောင်းမသင့် လို့ ဒီလိုဖြစ်ရလေခြင်း၊ ကံမကောင်း အကြောင်းမသင့်လို့ ဒီလိုဖြစ်ရလေခြင်း မလာဘူးလား . . . (လာပါတယ်ဘုရား)။

အင်း . . . တဏှာက ပြုံးတယ် မပြုံးပေဘူးလား . . . (ပြုံးပါတယ်ဘုရား) ဘယ်လိုများပြုံးတုံး၊ ငါက မျိုခိုင်း လို့ မျိုတာ၊ ငါ့ကြောင့်သေတာ ကံပေါ် ဆွဲချ ဟုတ်ဘူးလား . . . အတော့်ကိုပဲ ငါလုပ်တာ သိပါလား . . . (တင်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ကဲ ဒကာဒကာမတို့ ဘဝတိုင်း သေခြင်းဆိုး သေခဲ့ ရတာ ခင်ဗျားတို့ ကံကုန်လို့**ချည်း**ထင်ကြတယ် သဘောကျ လား . . . (တင်ပ့ါဘုရား)။

ကံက ဇာတိဇရာ ဗျာဓိ ဖြတ်လိုက်တာတော့ မှန်ပါ ရဲ့တဲ့၊ အမိန့်ပေးတာက ရှင်ဘုရင်က အမိန့်ပေးတာ၊ တဏှာ က အမိန့်ပေးတာ . . . (မှန်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိ ပါတယ်ဘုရား)။

## တဏှာက အမိန့်ပေးလို့ ကံကလုပ်ရတာ

ဘယ်သူက အမိန့်ပေးတုံး . . (တဏှာက အမိန့်ပေး တာပါဘုရား) တဏှာက အမိန့်ပေးလို့ ကံက သတ်သမား

ဆိုတော့ အသတ်သမားနဲ့ အမိန့်ပေးတဲ့သူ ဘယ်သူက အာဏာရှိတုံး . . . (အမိန့်ပေးတဲ့သူက အာဏာရှိပါတယ် ဘုရား)။

ဒါ အမိန့်ပေးတဲ့လူကျတော့ ခင်ဗျားတို့က မမုန်းဘူး၊ သတ်တဲ့လူသာ . . . (မုန်းနေတာပါဘုရား)၊ မုန်းနေတာ ခုတ်ရာတခြား ရှရာတခြား မဖြစ်ဘူးလား. . . (ဖြစ်ပါတယ် ဘုရား)။

အဲတော့ ဒီပုဂ္ဂိုလ်သည်ကားလို့ဆိုရင် သံသရာဝဋ်မှ ထွက်ဖို့ရာ ဘယ်သူ့သတ်ရမယ်လို့ အကောင်အထည်မိသေး ရဲ့လား. . . (မမိပါဘူးဘုရား)၊ ကဲ- ကိုမြရွှေ မိသေးရဲ့လား . . . (မမိပါဘူးဘုရား)။

မမိတော့ မနာဘူး၊ ဘယ်တော့သတ်သံတ် လက်သည် အစစ်ဖမ်းမိသေးရဲ့လား (မမိပါဘူးဘုရား) ရိပ်မိကြ ပလား (မှန်ပါ့)။

ဒကာ ဒကာမတို့ ကျုပ်တို့မိုက်ချက်ဟာ ဒီလိုမှဖော် ပေးမယ့်လူမရှိလို့ရှိရင်လည်း၊ ပြောပြန်တော့လည်း ဩော်-ကံမကောင်းလို့သေရတာ၊ နောက်တော့ ကံကောင်းအောင် လုပ်ရဦးမှာပဲဆိုတော့၊ လာပြန်ပဟော့၊ ငါတို့ဆီရောက်ပြန်ပြီ တဲ့၊ ဒီနှစ်ခုက ကံပဲ၊ ဒီနှစ်ခုက ကာပဲ ရိပ်မိပလား. . . (မှန်ပါ့ ဘုရား)။

နောက်မျိုးစေ့စိုက်ပေးဦးမယ်၊ လာဦးမှာပဲ။ ဒီဘက် ပြန်လှည့်တယ်၊ မလှည့်ဘူးလား. . . (လှည့်ပါတယ်ဘုရား)၊ ကဲ- ခင်ဗျားတို့ဥစ္စာ၊ ဘယ့်နှယ်တုံး ဒကာ ဒကာမတွေ၊ ကျွတ် လမ်းလွတ်လမ်းကို မြင်သေးရဲ့လား. . . (မမြင်ပါဘူးဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## ဆရာကောင်းနဲ့လာတွေ့လို့

အင်း တော်သေးတယ် ခင်ဗျားတို့၊ ဂီဆရာကောင်း သမားကောင်းနဲ့လာတွေ့လို့ တော်တော်သေးတာ၊ နို့မဟုတ် လို့ရှိရင်ဖြင့် ဒီဘဝ ကံမကောင်းဘူး၊ အသက်တိုတယ်၊ သေ ခြင်းဆိုးတွေ အများကြီးနဲ့ သေရတယ်၊ ကံတွေခေတော့ နောက် ဘဝကျတော့ ကံကောင်းလုပ်မယ်. . . (မှန်လှပါ).

လွဲပြီ ကံကောင်းလုပ်ဦးမယ်တဲ့၊ အသက်ရှည်တဲ့ကံ လုပ်မယ်တဲ့၊ သဘောကျပလား. . . (မှန်ပါ့)၊ အသက်ရှည်တဲ့ ကံလုပ်မယ်ဆိုတော့၊ ဒီနှစ်ယောက် ဒီနှစ်ကံပြန်ရောက်တာ၊ ဒီနှစ်ကံပြန်ရောက်တော့ သူက ဒုက္ခအသီးလေးစပြီးစိုက်ပြန် တာ၊ မစိုက်ပေဘူးလား. . . (စိုက်ပါတယ်ဘုရား)။

နောက်- အကိုင်းအခက်က. . . (စိုက်ပါတယ် ဘုရား)၊ စိုက်မှာပဲ၊ နောက်အသီးအပွင့်တွေက. . . (မျိုမှာပါ ဘုရား)၊ မျိုဦးမှာပဲ။ အင် မျိုပေဘူးလား. . . (မျိုမှာပါဘုရား)။

မျိုးရင် ဘာဖြစ်ဦးမယ်ထင်တုံး. . . (သေဦးမှာပါဘုရား)၊ ·သေလို့ရှိရင်ဖြင့် ကံမကောင်းသေးဘူး၊ နောက်ကံတွေလုပ်ဦးမှာပဲ၊ သေချင်သေးလို့လားဗျ၊ ရိပ်မိပလား. . . (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့် ဦးဝင်း. . . (သေချင်သေးလို့ပါဘုရား)၊ သေခဲ့တာတွေလည်းများပြီ၊ နောက်ထပ် သေချင်တဲ့ဇာတ်ကလည်း သူသိမ်းချင်သေးရဲ့လား. . . (မသိမ်းနိုင်ပါဘူးဘုရား)။

## ဒါက ပဋိစ္စသမုပ္ပါဒ်လည်ပုံကိုပြတာ

ဒီလောက်ထိအောင် ခင်ဗျားတို့ ဒါ ပဋိစ္စသမုပ္ပါဒ်လည်ပုံကိုပြတာ. . . (မှန်ပါ့)၊ ရှင်းပလား၊ ခင်းထားတာလည်းဒါပါပဲ၊ စကားထဲမှာတော့ လည်သွားပြီ. . . (မှန်ပါ့)၊ မလည်သေးဘူးလား. . . (လည်ပါတယ်ဘုရား)၊ လည်သွားပြီ ဒကာဒကာမတို့။

သဠာယတနပစ္စယာ ဘာတဲ့. . . (ဖဿောပါဘုရား)၊ ဖဿဟုတ်လား၊ ဖဿဆိုတာကလည်း ခင်ဗျားတို့က အင်မတန်မှန်ပါတယ်တဲ့၊ မျက်လုံးရှိတော့ မျက်လုံးနဲ့ တွေ့တယ်ဟုတ်လား. . . (မှန်ပါ့)။

နားရှိတော့. . . (နားနဲ့တွေ့ပါတယ်ဘုရား)၊

နှာခေါင်း ရှိတော့. . . (နှာခေါင်းနဲ့တွေ့ပါတယ်ဘုရား)၊ လျှာ ရှိတော့. . . (လျှာနဲ့တွေ့ပါတယ်ဘုရား)၊ ကိုယ်ရှိတော့. . . (ကိုယ်နဲ့တွေ့ပါတယ်ဘုရား)၊ စိတ်ရှိတော့. . . (စိတ်နဲ့တွေ့ ပါတယ်ဘုရား)၊ စိတ်နဲ့တွေ့ချင်သေးတယ်၊ ကျုပ်အကုန်အန် ပြီး ပြောလိုက်ချင်သေးဆိုတာပါသေးတယ်၊ မပါဘူးလား. . . (ပါ ပါတယ်ဘုရား)။

အကုန်အန်ပြီးပြောလိုက်ချင်သေးတယ်တဲ့၊ ဒကာ ဒကာမတွေ ဒီလိုများ သုံးဖူးနှုန်းဖူးကြလား. . . (မသုံးဖူးပါ ဘူးဘုရား)။

ကျုပ်ကများ ကျောင်းကနေပြီး မှားများနေလားလို့ မေးရတာလည်း မှားနေသလားလို့ ရှင်းပြီလား. . . (ရှင်းပါ ပြီဘုရာ)။

တစ်ခါတလေများ ဒီလိုမပြောရလို့ ရင်တထုထုနဲ့ နေတာတွေရှိသေး၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ဘာ ပြုလို့တုံးဆိုတော့ အိတ်သွန်ဖာမှောက် မပြောရလို့ စိတ်ထဲ မှာရှိသလောက်ပေါ့. . . (မှန်ပါ့)။

ကဲ- ဒကာ ဒကာမတို့ ဟောဒီတွေ့သလောက်မပြော ရလို့ဆိုတော့၊ ဖဿခြောက်မျိုးက ပေါ်ထိုက်မပေါ်ထိုက်. . . (ပေါ်ထိုက်ပါတယ်ဘုရား)။

မျက်လုံးရှိ မျက်လုံးနဲ့တွေ့ချင်. . . (မှန်ပါ့)၊ တိုတို

ပြောကြပါစို့။ စိတ်ရှိတော့. . . (စိတ်နဲ့တွေ့ချင်ပါတယ်ဘုရား)၊ စိတ်နဲ့တွေ့ချင်ဆိုတော့ ဖဿ လာသင့် မလာသင့် . . . (လာသင့်ပါတယ်ဘုရား)။

လာသင့်တယ်တဲ့ ကောင်းပြီ၊ တွေ့ချင်တဲ့ပုဂ္ဂိုလ်သည် ကားလို့ဆိုလို့ရှိရင်ဖြင့်၊ တွေ့တယ်ဆိုလို့ရှိရင်ဖြင့် တွေ့ရင်တော့ ဖြင့်တဲ့ အကောင်းအဆိုးတော့ သူရွေးတော့မှာ. . . (တင်ပါ့)၊ တွေ့ရင်ဘယ့်နှယ်တုံး. . . (အကောင်းအဆိုးရွေးမှာပါဘုရား)။

## အကောင်းအဆိုးရွေးရင် ဝေဒနာလာမယ်

အကောင်းအဆိုးရွေးတော့ ဝေဒနာသုံးမျိုးလာမှာပဲ၊ မလာပေဘူးလား. . . (မှန်ပါ့)၊ တွေ့တော့ ဘာရွေးလေ့ရှိတုံး . . . (အကောင်းအဆိုးရွေးပါတယ်ဘုရား)။

အကောင်းအဆိုးရွေးတယ်၊ အင်း- ဒါပေမယ့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ဖဿ ပစ္စယာ-ဝေဒနာဆိုတာ ဟောသင့်မဟောသင့် . . . (ဟောသင့်ပါတယ်ဘုရား)၊ တွေ့တဲ့ပုဂ္ဂိုလ် ဘာရွေးလေ့ရှိတုံး. . . (အကောင်းအဆိုးရွေးပါတယ်ဘုရား)။

အကောင်းရယ်၊ အဆိုးရယ်၊ အလတ်စားရယ် မရွေးဘူးလား. . . (ရွေးပါတယ်ဘုရား)၊ ဦးဝင်း ဘယ်နှစ်မျိုးရွေးတုံး. . . (သုံးမျိုးပါဘုရား)။

ကုန်များသန့်တဲ့အခါကျတော့ သုံးစားသန့်ရတာပါ တယ်၊ လေးစားသန့်ရတာပါတယ်. . . (မှန်ပါ)၊ မပါဘူးလား . . . (ပါ ပါတယ်ဘုရား)။

ဒီအတိုင်းပါပဲတဲ့၊ ဒီမှာလည်း ဝေဒနာသုံးမျိုးဟာ သုံး စားသန့်ထားတာပဲဆိုထိုက်ပလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

**ဝေဒနာပစ္စယာတဏှာ**

ဒါ ဘယ်သူသန့်တာတုံးဗျာ၊ ခင်ဗျားတို့ဖြစ်စဉ်ပေါ့ဗျာ၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ. . . (တဏှာပါ ဘုရား)။

တဏှာကျတော့ ကောင်းတာဖြင့် ကြိုက်တယ်၊ ဒီ တဏှာက ရှင်းပလား. . . (မှန်ပါ)၊ မကောင်းတာဖြင့် မကြိုက်ဖူးတဲ့ ဒေါသက ဟုတ်လား. . . (မှန်ပါ)။

ဒါဖြင့် အလတ်စားဖြင့် အလတ်စားဆိုတော့ သိမ်မွေ့ မနေဘူးလား. . . (နေပါတယ်ဘုရား)။ သိမ်မွေ့တာဖြင့် မသိ ဘူးတဲ့၊ သိမ်မွေ့တဲ့ အဓိပ္ပာယ်မသိဘူးဆိုတော့၊ ဒီမယ် လောဘ၊ ဒေါသ၊ မောဟလာတယ်၊ မလာသေးဘူးလား. . . (လာပါတယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်နှစ်မျိုးလာပါလိမ့်. . . (သုံးမျိုးလာပါတယ် ဘုရား)၊ သုံးမျိုးလာတယ်၊ ဒါက ခင်ဗျားတို့သိထားတဲ့ ပဋိစ္စ

သမ္မပ္ပါဒ်က ဒီလောက်သဘောလည်းမပါဘူး၊ ဒီလောက် လည်း မစုံဘူးဆိုကြပါစို့နော်. . . (မှန်ပါ့)၊ ခုစုံပြီလား. . . (စုံပါပြီဘုရား)။

ဖဿ ပစ္စယာ-ဝေဒနာဆိုတော့ ဝေဒနာသုံးမျိုး လာလို့ တဏှာက ဘယ်နှစ်မျိုးလာတုံး. . . (သုံးမျိုးလာပါ တယ်ဘုရား)။

## တဏှာပစ္စယာဥပါဒါနံ

တဏှာ သုံးမျိုးလာတော့ အစွဲသုံးမျိုးက မလာပေ ဘူးလား. . . (လာပါတယ်ဘုရား)၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတဲ့ ဥပါဒါန်တွေ မလာဘူး လား. . . (လာပါတယ်ဘုရား)၊ လာမယ်တဲ့။

ဒါဖြင့် ဒီဘက်က ဥပါဒါန်ထားပါတော့ နော်၊ ဥပါဒါန် စွဲလန်းတဲ့ပုဂ္ဂိုလ်များကျလို့ရှိရင်ဖြင့်တဲ့၊ ကံတော့ လုပ်တော့မှာ ပဲ၊ ဥပါဒါန်စွဲလန်းရင် ဘာလုပ်မယ်ထင်တုံး. . . (ကံလုပ်မှာ ပါဘုရား)။

လုပ်မလို့ ခင်ဗျားတို့ကြည့်၊ သုံးနှစ်သုံးသီး သေလို့ တောင်သေရင် သား လင် ခင်ပွန်းသေကြတယ်၊ မမေ့နိုင်ဘူး ဆိုပြီး ကံတွေက အမျှဝေကြတယ်၊ ကံတွေ အမျှဝေတယ်။

## ကံတွေလုပ်တယ်

ဘာလုပ်တာတုံး ဒီဥစ္စာ၊ ကံလုပ်တာ သဘောကျပလား. . . (မှန်ပါ့)၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ မလုပ်ကြဘူးလား. . . (လုပ်ပါတယ်ဘုရား)။

ဘာတွေတုံးလို့ မေးတဲ့အခါကျတော့၊ ဒါကံလုပ်နေတာပဲ။ ဒီ့ပြင်ဒါနကံလုပ်ဦးမှာပဲ။ အင်း ကျုပ်တို့တတွေပဲ၊ ကျုပ်တို့ဥပုသ်စောင့်နေလိုက်ဦးမှပဲ။ သီလကံ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အင်- ဂူနားသွားပြီး အမျှလေးပေးဦးမှပဲဆိုတော့ ဒါနကံ မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ခက်ပြီကော၊ ဒါ စွဲလမ်းလို့ လုပ်တဲ့ကံပါလား၊ ဘာကံပါလိမ့်. . . (စွဲလမ်းလို့ လုပ်တဲ့ကံပါဘုရား)၊ ရိပ်မိကြပလား။

မမေ့သေးဘူး၊ ကျုပ်စိတ်ထဲမမေ့သေးဘူး၊ မလာကြဘူးလား. . . (လာပါတယ်ဘုရား)။ လက်ရာတွေ မြင်တိုင်းမြင်တိုင်း မျက်ရည်က လည်လာတယ်. . . (မှန်ပါ့)၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဘယ့်နှယ့်ဖြစ်ကြတာတုံး ဒကာ ဒကာမတို့၊ ဥပါဒါန်ကြောင့် ခုနင်က လိုချင်တဲ့ လောဘဇောက. . . (မှန်ပါ့)၊ သဘောကျပလား. . . (မှန်ပါ့)၊ လိုချင်တဲ့ ဘာတွေလာတုံး . . . (လောဘဇောကံတွေပါဘုရား)၊လောဘဇောကံတွေတဲ့။

ဒါကြောင့် မပျောက်ပျက်အောင်လို့ ဂူတွေဘာတွေ တည်ကြ. . . (မှန်ပါ့)၊ မလုပ်ရဘူးလား. . . (လုပ်ရပါတယ် ဘုရား)၊ အဲ့ဒီစွဲလမ်းလို့ လုပ်ထားတာကိုးဗျ. . . (မှန်ပါ့)။

ဒါမှ ကံဖြစ်မှာ ဟုတ်ဘူးလား၊ နို့မဟုတ် မျက်ရည်ကျစရာက နေရာရှာရင် နေရာကမတွေ့ဘူး ပျောက်ထွက်သွားတယ်။ မပျောက်ပေဘူးလား. . . (ပျောက်ပါတယ် ဘုရား)။ အဲ့ဒါကြောင့် ပူဇော်ချင်လို့က နည်းနည်း၊ ငိုချင်လို့ လုပ်ထားတာ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)၊ ဘာဖြစ်လို့လုပ်တာတုံး. . . (ငိုချင်လို့ လုပ်ထားတာ ပါဘုရား)။

## ဂူတွေက ငိုစရာလေးတွေ

ဩော်- ဂူလေးတွေမြင်တိုင်းမြင်တိုင်း ခင်ဗျားတို့ နောက်သတိထားကြနော်၊ ဩော်- ငိုစရာလေးတွေတော့ အသီးသီးလုပ်ထားကြပြီ၊ မဟုတ်ရင် အပျင်းကြီးပဲ ပျင်းနေမှာပေါ့။ သူများအတွက်ချည့်ပို့နေ၊ ကိုယ့်အလုပ်ကို မပါပဲနေမှာစိုးတယ်၊ ငိုတဲ့အလုပ်ကလေးပါသွားအောင်လို့ ထည့်ရတာ ဦးဘတင်ရ. . . (မှန်ပါ့)။

ဘုရားလည်းမဟုတ်ဘူးဗျ၊ ရွှေငွေတိုက်တာ ခင်ဗျားတို့လှူကိုမပါဘူး၊ ဘုရားရယ်၊ ပစ္စေကဗုဒ္ဓါရယ်၊ စကြဝတေး

မင်းရယ်၊ ဒီသုံးခုသာ စိန်ရတုပူဇော်ပွဲလုပ်ရမှာ၊ ကျန်တာ ပါကို မပါဘူး။ အင်္ဂုတ္တိုရ်မှာ ရိပ်မိပလား. . . (မှန်ပါ့)။

သို့သော်လည်း ခင်ဗျားတို့ ဘယ့်နှယ်ကြောင့်လုပ်ဖြစ် ကြသလဲဆိုတာ ရိပ်မိကြပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ဘာဖြစ်လို့တုံး ဥပါဒါန်ကြောင့် ကံဖြစ်အောင်လို့၊ ငိုတဲ့ကံ ကလေးတွေပေါ့ဗျာ၊ လွမ်းဆွတ်တဲ့ ကံကလေးတွေ၊ သတိရ လာရင်းနဲ့ လွမ်းဆွတ်လွမ်းဆွတ်ဆိုတာကို မနည်းဘူးဗျ၊ မလာ ဘူးလား. . . (လာပါတယ်ဘုရား)။

ပါတယ် ဒကာ ဒကာမတွေရဲ့ ရိပ်မိကြပလား. . . (မှန်ပါ့)။ အဲ့တာ ခု တော်တော့်ကိုများလာပြီ၊ ရှေးက ဒီ လောက်မပါဘူး. . . (မှန်ပါ့)၊ အင်း- စစ်ပြီးမှ ဖြစ်လာတာ တွေဗျ၊ သဘောကျပလား. . . (မှန်ပါ့)။

## ဥပါဒါန်ရှိလို့ကံလုပ်တယ်

အဲ့တော့ ဥပါဒါန်ရှိလို့ ဘာလုပ်ကြတာတုံး. . . (ကံ လုပ်တာပါဘုရား)၊ ဒီကံက ကံကောင်းလား ကံဆိုးတွေလား . . . (ကံဆိုးတွေပါဘုရား)၊ အင်း သွားပါပြီ ဒီပုဂ္ဂိုလ်၊ ကံဆိုး အလုပ်ပေါ့ဗျာ. . . (မှန်ပါ့)။

ကိုမြရွှေ ကံဆိုးအလုပ်မလုပ်ဘူးလား. . . (လုပ်ပါ တယ်ဘုရား)၊ ကံဆိုးလုပ်တဲ့အခါကျလို့ရှိရင်ဖြင့် ဘယ့်နှယ်တုံး

တဲ့၊ ကမ္မဘဝပစ္စယာ ကံဆိုးလုပ်လိုက်တော့ ခုနင်က ငိုချင်တဲ့ ကံ၊ သူ့အကြောင်းရင်းခံပြီး မခွဲချင်လို့ လှူတဲ့ကံ၊ ရောက်ရာ တွေ့ချင်လို့ လုပ်တဲ့ကံ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

သေတဲ့လူကိုလည်း ခင်ဗျားတို့က တို့များ သတိမှ ရသေးလားလို့ သွားလုပ်မနေနဲ့နော်၊ ကိုယ်ပါရောပြီး ကံထဲ ဆင်းသွားလိမ့်ဦးမယ်။ သူ့ဟာသူ ရရ မရရ နောက်လူဖြစ်နေ နေ၊ ကိုယ်ကနေပြီးသကာလ ခင်ဗျားတို့ကလည်း သတိရ စရာတွေများ လုပ်မနေနဲ့ဦး၊ ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ကလည်း ချိတ်ချိတ်ချင်းဆိုတော့ အတော် ခက်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်က တို့ကွာ လုပ်တော့ထားခဲ့တာ ဘာမှသတိမရဘူးလို့များ၊ ဟိုကနေ မျှော်တော်ဇောနဲ့ မော မနေနဲ့ဦး၊ မောနေလို့ရှိရင် ဟိုက တဏှာဥပါဒါန်လာဦးမယ် . . . (မှန်ပါ့)။

ဒီကလည်း ဒီအတိုင်းပဲ ဒကာ ဒကာမတို့ သုံးနှစ်သုံး လီမမေ့သေးဘူးဆိုလို့ရှိရင်၊ ဥပါဒါန်ကြောင့် ကံလုပ်နေဦးမှာ ပဲ. . . (မှန်ပါ့)၊ မလုပ်ပေဘူးလား. . . (လုပ်မှာပါဘုရား)။

## ငိုတာဟာ အကုသိုလ်ကံ

ကံဆိုတာ ဒကာ ဒကာမတို့ တခြားမှတ်မနေနဲ့နော်၊ ငိုတာဟာလည်း အကုသိုလ်ကံလုပ်တာ. . . (မှန်ပါ့)၊ သတိရ

လို့ ဆွမ်းသွတ်တာကတော. . . (အကုသိုလ်ကံလုပ်တာပါဘုရား)။

သက်ရှိလေးလုပ်မိတာကကော. . . (အကုသိုလ် ကံပါ ဘုရား)၊ သက်ရှိလေးလုပ်မိတော့၊ ကံတော့ကံ၊ အကုသိုလ်ကံ ထားပါတော့။ ကုသိုလ်ကံပေမယ့်လည်း ဇာတိရမယ့်ကံ၊ ကမ္မ ဘဝပစ္စယာ. . . (ဇာတိပါဘုရား)။ ဇာတိ ဆုံးသေးရဲ့လား. . . (မဆုံးပါဘုရား)၊ ဇာတိဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း- ဒုက္ခသစ္စာတွေကလည်း ကံလုပ်တာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ ဘာတွေများ လုပ်လေ့ရှိကြတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဥပါဒါန်ကြောင့် ကံလုပ်၊ ကံလုပ်လို့ ဘာသစ္စာပြန်ရတုံး. . . (ဒုက္ခသစ္စာရပါတယ်ဘုရား)၊ ဒုက္ခသစ္စာပြန်ရတယ်ဆိုတော့ ဒကာ ဒကာမတွေရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်လောက်များ သံသရာရှည်ခဲ့တုံးဆိုရင်၊ သဘောကို မစွန့်အောင်များနေတယ် ဒကာ ဒကာမတို့။ ဖြစ်စဉ်ကိုက်ကိုပြောနေရလို့ သဘောပါပလား. . . (ပါ ပါတယ်ဘုရား)။

ကိုင်း ဒီအထဲမှာမှ ဒကာ ဒကာမတို့၊ ဩော်- တို့ဖြစ်စဉ်ဟာ ဒီအတိုင်းပါလားဆိုတော့ ဒကာ ဒကာမတွေ ဒါက

လွန်ပြီးသား၌ လွန်ပြီးသားဘဝလို့ မှတ်လို့၊ ဒါ အတိတ်ဘဝ နော်. . . (တင်ပ့ါ)။

## ဇာတိ၊ ဇရာ၊ မရဏ အနာဂတ်ဘဝ

ဒီကစ၍ ဒကာ ဒကာမတွေ ဒီက ဇာတိ၊ ဇရာ၊ မရဏတွေက အနာဂတ်ဘဝထားတာပေ့ါဗျာ နော်. . . (မှန်ပ့ါ)၊ အလည်က ရှစ်ခုက ပစ္စုပ္ပန်ဘဝပဲ ထားကြပါတော့၊ ဒကာ ဒကာမတွေ နားလည်ပြီးသားပဲ ထားပါတော့။

## အလည်ရှစ်ခုက ပစ္စုပ္ပန်ဘဝ

အလယ်ရှစ်ခုက ဘာဆိုကြမယ်. . . (လက်ရှိပစ္စုပ္ပန်ပါဘုရား)၊ ပစ္စုပ္ပန်ဘဝ ရှင်းပြီနော်. . . (မှန်ပ့ါ)။

ဒါက ဇာတိ ဇရာ မရဏက ဘာတဲ့. . . (အနာဂတ်ဘဝပါဘုရား)။ အနာဂတ်ဘဝ အနာဂတ်ဘဝ၊ ဇာတိ ဇရာ မရဏက အနာဂတ်ဘဝလို့ ဦးခင်မောင် မှတ်မိပြီလား. . . (မှတ်မိပါတယ်ဘုရား)။

ကောင်းပြီ ဒီက တစ်နဲ့နှစ်က အတိတ်နော်. . . (မှန်ပ့ါ)၊ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ် ဒါက ပစ္စုပ္ပန်ဘဝ။ ဒါက. . . (အနာဂတ်ဘဝပါဘုရား)

ဒီ အနီကွက်ပြထားတာ အနာဂတ်ဘဝလို့မှတ်. . . (မှန်ပါ့)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကိုင်း- ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီဥစ္စာကို ဘုန်းကြီးက လမ်းခင်းပြီးသကာလ မရှင်းသေးလို့ ရှင်းအောင် ပြောတာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ယနေ့ ဟောမယ့် တရားက ဒီအဆက်ဟာ ဘယ်သူဆက်တာတုံးလို့ မေးဖို့လို တယ်နော်. . . (မှန်ပါ့)။

ဒီမှာ ဒုက္ခက္ခန္ဓသဃဆိုတော့ ဒီဘက်လာပြီနော်. . . (မှန်ပါ့)။ ဒါကြီးကို ရှုနေတယ်နော်၊ ကဲ ရှုပါစေတော့ ဒီဥစ္စာ၊ ဘုရားဟောတော်မူတဲ့အတိုင်းလည်း မှန်လည်းမှန်ပါပေ တယ်။ ဟုတ်လည်း ဟုတ်ပါပေတယ်။

ဒါ အစတစ်ခုကွတဲ့နော်။ အတိတ်က အစတစ်ခု ဒါလေးက အနာဂတ်က အစတစ်ခု။ ဒီအလည်က ဘာတုံး . . . (ပစ္စုပ္ပန်ပါဘုရား)။ ပစ္စုပ္ပန်။

ကောင်းပြီ၊ ပစ္စုပ္ပန်ဖြင့် သဘောကျပြီ၊ ဒါက အန္တ အဆုံးတစ်ခု၊ ဒါက အန္တအဆုံးတစ်ခု၊ မဇ္ဈိမပဋိပဒါကို လာ လိမ့်မယ် ဒကာ ဒကာမတို့။ အဲ့တော့ ဒါက ပစ္စုပ္ပန်သဘော ကျပလား. . . (မှန်ပါ့)။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ ဟုတ်လား၊ ကဲ ဒါလေးက တဏှာ ထားပါတော့၊ ဒီ

ဘက်က ဥပါဒါန်၊ ကံ၊ ဒါ ပစ္စုပ္ပန်ဘဝပေါ့နော်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ အလယ်က ရှစ်ခုက ဘာတဲ့. . . (ပစ္စုပ္ပန်ဘဝပါဘုရား)၊ ဒီဘက်က သုံးခုက. . . (အနာဂတ်ဘဝပါဘုရား)၊ ဒီဘက်သုံးခုက. . . (ပစ္စုပ္ပန်ဘဝပါဘုရား)။

ကောင်းပြီတဲ့၊ အဲ့ဒါ ဘယ်သူ့လက်ချက်မိနေတယ်ဆိုတာ အတိတ်ဟာ သူလည်း အစွန်းတစ်ခုပဲ ဒကာ ဒကာမတို့၊ အနာဂတ်ဟာလည်း၊ အစွန်းတစ်ခုပဲတဲ့နော်၊ အလယ်ကဥစ္စာ အလယ်ထားလိုက်ပါဦးတဲ့။

ဒီထဲကမှ အလယ်ထဲကမှ တစ်ခါဆွဲထုတ်ဦးတဲ့ နော်၊ . . . (မှန်ပါ့)။

အလယ်ထဲက ဆွဲထုတ်တော့ တဏှာ သိဗ္ဗိနီ. . . (မှန်ပါ့) ဒီတဏှာလေးဟာ ဒီအလယ်ထဲမှာ၊ ဒီတဏှာလေးဟာ ဒကာ ဒကာမတို့ သိဗ္ဗိနီတဲ့။

သိဗ္ဗိနီဆိုတဲ့ဥစ္စာ အပ်ချုပ်သမား ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။ သိဗ္ဗိနီဆိုတာ ဘာတုံး. . . (အပ်ချုပ်သမားပါဘုရား)။

## အပ်ချုပ်သမားဆိုတာ အထည်နှစ်ခုစပ်တာ

အပ်ချုပ်သမားဆိုတာ အထည်နှစ်ခုစပ်တာ၊ သဘော ကျပလား. . . (ကျပါတယ်ဘုရား)၊ အထည်နှစ်ခု

ကွဲပြားနေတာကို ဘာလုပ်လေ့ရှိတုံး. . . (စပ်ပါတယ်ဘုရား)။

အဲ့ဒီ စပ်တဲ့လူ ဘာခေါ်ကြမတုံး. . . (အပ်ချုပ်သမားပါဘုရား)။ အဲ့ ဒကာ ဒကာမတို့မှတ်ပါတဲ့၊ ဒီတဏှာမသေသ၍ ခင်ဗျားတို့ ဒါနဲ့ဒါလည်း တဏှာက ဆက်တာပဲ၊ အတိတ်နဲ့ပစ္စုပ္ပန်ကိုလည်း ဘယ်သူက ဆက်တုံး. . . (တဏှာက ဆက်ပါတယ်ဘုရား)။

ပစ္စုပ္ပန်နဲ့ အနာဂတ်လည်း. . . (တဏှာက ဆက်ပါတယ်ဘုရား)။

ကဲ- ဘယ်သူဆက်ပေးတယ်ဆိုတာ လက်သည်ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။ ဒီက အတိတ်နဲ့ပစ္စုပ္ပန်ဆက်လိုက်တာကော. . . (တဏှာပါဘုရား)၊ အဲ ပစ္စုပ္ပန်နဲ့အနာဂတ်ဆက်လိုက်တာကော. . . (တဏှာပါဘုရား)။ အဲ ပစ္စုပ္ပန်နဲ့ အနာဂတ်ဆက်လိုက်တာကော. . . (တဏှာပါဘုရား)။

ရော- ဒကာ ဒကာမတွေ အတိတ်ခန္ဓာနဲ့ ပစ္စုပ္ပန်ခန္ဓာ၊ အတိတ်ခန္ဓာကလည်း ဒုက္ခသစ္စာထားပါတော့နော် (မှန်ပါ့)။

ဒါ ခန္ဓာထဲမှာ ကိန်းတဲ့တရားတွေကိုး . . . (မှန်ပါ့) အတိတ်ခန္ဓာကလဲ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

အဲ့ဒီ ဒုက္ခသစ္စာနဲ့ ပစ္စုပ္ပန်ဒုက္ခသစ္စာနဲ့ ဆက်ပေးတာလဲ ဘယ်သူတုံး . . . (တဏှာပါဘုရား) ဒီပစ္စုပ္ပန် တစ်ခု

လုံးလဲ ဒုက္ခသစ္စာချည့်မို့လား . . . (မှန်ပါ့) ရုပ်နာမ်တွေပဲ မို့လား . . . (မှန်ပါ့)။

အဲ့ဒါနဲ့ အနာဂတ်ခန္ဓာ ဆက်ပေးတာကော . . . (တဏှာပါဘုရား) ဒါဖြင့် သူအပ်ချုပ်သမားလို့ ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

## တဏှာအပ်ချုပ်သမား

ဒါဖြင့် အပ်ချုပ်သမားသည် ဘယ်လိုများ ဆက်ပါ လိမ့်မတုံးဆိုလို့ရှိရင် အတိတ် ဒုက္ခသစ္စာနဲ့ ပစ္စုပ္ပန်ဒုက္ခသစ္စာ ဆက်ပေးတာလဲ . . . (တဏှာပါဘုရား) . . . တဏှာ။

ပစ္စုပ္ပန်ဒုက္ခသစ္စာနဲ့ အနာဂတ်ဒုက္ခသစ္စာ ဆက်ပေး တာကော . . . (တဏှာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ . . . ဒါဖြင့် အနာဂတ်ဒုက္ခသစ္စာနဲ့ ပစ္စုပ္ပန် ဒုက္ခသစ္စာကို မဆက်ပေဘူးလား . . . (ဆက်ပါတယ်ဘုရား) . . . ဆက်ပြန်လို့ရှိရင်လဲ ဒကာဒကာမတို့ ပြတ်ပါဦးမလား . . . (မပြတ်ပါဘူးဘုရား) ရိပ်မိကြပလား . . . (မှန်ပါ့)။

ဒါဖြင့် တဏှာဟာ အပ်ချုပ်သမားနဲ့ တူတယ်လို့ ဟောလိုက်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ

ဘုရာ) တဏှာဟာ ဘာနဲ့တူ . . . (အပ်ချုပ်သမားနဲ့ တူပါတယ်ဘုရား)။

## အတိတ်ခန္ဓာနဲ့ ပစ္စုပ္ပန်ခန္ဓာ ဆက်တာကတဏှာ

အတိတ်ခန္ဓာနဲ့ ပစ္စုပ္ပန် ခန္ဓာဆက်တာ ဘယ်သူတုံး (တဏှာပါဘုရား) ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ်ခန္ဓာ ဆက်တာ . . . (တဏှာပါဘုရား)။

ဒါဖြင့် တဏှာဟာ သိဗ္ဗိနီတဲ့ . . . နော်၊ တဏှာသည်ကားလို့ ဆိုရင် အပ်ချုပ်သမားနဲ့ တူတယ် ဆိုသဖြင့် ခင်ဗျားတို့ ဒီအပ်ချုပ်သမား မသေသ၍ ကာလပတ်လုံး ခင်ဗျားတို့ကို အထည်နှစ်ခု ဆက်သလို ဒုက္ခချင်းပဲ ဆက်ပေးနေမှာပဲ . . . (မှန်ပါ့)။

သဘောပါပလား (ပါပါတယ်ဘုရား) သဘောပါကြပလား ဒကာဒကာမတို့ . . . (မှန်ပါ့) ဘယ်လိုများ ပါကြပါလိမ့် . . . (အထည်နှစ်ခုကို ဆက်ပေးပါတယ်ဘုရား) ဒုက္ခချင်း ဆက်ပေးနေတာ . . . ရှင်းကြပလား . . . (ရှင်းပါတယ်ဘုရား)။

ဒါ အတိတ်ဘဝက ခန္ဓာငါးပါးနဲ့ နေခဲ့တာ၊ ခန္ဓာငါးပါးပဲ ပေါ်တဲ့တရားမို့လား . . . (မှန်ပါ့) ဒါကြောင့် အတိတ်ခန္ဓာနဲ့ ယခု ပစ္စုပ္ပန် ယခုဘဝ ပဋိသန္ဓေကစပြီး ဒါ ပစ္စုပ္ပန်

ခန္ဓာလို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒီခန္ဓာနှစ်ခုကို ဒီတဏှာသာ မပါဘူးဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဘယ်မှာသာလျှင် ပဋိသန္ဓေ ဒုက္ခနဲ့ ဆက်မိမတုံး . . . (မဆက်မိပါဘူဘုရား)။

ဒီကြည့်လေ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတော့၊ ကုသိုလ် သင်္ခါရ အကုသိုလ် သင်္ခါရ၊ အကုသိုလ် သင်္ခါရက တဏှာဗျ၊ ဩော် - သူကနေပြီး ဒီဆက်လိုက်တယ်၊ ရိပ်မိ ပလား . . . (မှန်ပါ့) အကုသိုလ်သင်္ခါရက ဘယ်ဆက်လိုက် တုံး၊ ဝိညာဏ်ဆက်လိုက်တယ်ဆိုတော့ အတိတ်ဘဝနဲ့ ပဋိသန္ဓေဘဝနဲ့ဆက်လိုက်တာ ဘယ်သူပါလိမ့် . . . (တဏှာပါ ဘုရား).

အပုညာဘိ သင်္ခါရက ဝင်ဆက်လိုက်တယ်၊ တဏှာ ပဲဆိုတာ ရိပ်မိပလား. . . (မှန်ပါ့)။

ဒီအခါကျလို့ရှိရင်ဖြင့်၊ ဒီတဏှာနဲ့ ဒီတဏှာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီပဋိသန္ဓေ၊ ဇာတိ၊ ဇရာ၊ မရဏ ရမရ. . . (ရပါ တယ်ဘုရား)။

## တဏှာလက်အောက်ခံကျွန်တွေ

ရမှာပဲတဲ့၊ ဒါ တဏှာလက်အောက်ခံကျွန်တွေ၊ ဒါ သူခိုင်းတာလုပ်တာပဲ၊ သူမရှိလို့ရှိရင်ဖြင့် ဒါတွေဟာ သူခိုင်း

တာချည့်၊ သူမရှိလို့ရှိရင် ဒါတွေကောရှိပါ့မလား. . . (မရှိပါဘူးဘုရား)။

ဒါဖြင့် သူခိုင်းတာလုပ်တာချည့်ဥစ္စာတွေကလည်း လက်သည်ကတော့ သူပဲ. . . (မှန်လှပါ့)၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

တဏှာသည် ပစ္စုပ္ပန်ခန္ဓာနဲ့ ယခုရထားတဲ့ခန္ဓာနဲ့ အနာဂတ်ခန္ဓာနဲ့ ဆက်မိအောင်လည်း ဘယ်သူတုံး. . . (တဏှာပါဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဟောဒီတဏှာကို ဒီနေ့ည ဟောမယ့်တရားက ဒီတဏှာ ဒီဘဝပြတ်လို့ရှိရင်၊ အနာဂတ် ဘဝကနေ ဆက်ဦးမလား. . . (မဆက်တော့ပါဘူးဘုရား)။

ဒါဖြင့် ဒီတဏှာသည် ထိုထိုဘဝတို့ကို သူသာလျှင် ပြုပြင်နိုင်တဲ့သတ္တိရှိတယ်တဲ့၊ သဘောကျပလား. . . (မှန်ပါ့)။

## တဏှာအကြောင်းသိကြပြီလား

အဲ့ဒါကြောင့်တဲ့၊ ဒီတဏှာအကြောင်းကို မင်းတို့ ယနေ့ည ကောင်းကောင်းသိပြီလားလို့ ဘုရားကလည်း မေးတယ်၊ ဆရာဘုန်းကြီးကလည်း မေးတယ်၊ ဒကာ ဒကာမတို့ သိပြီလား. . . (သိပါပြီဘုရား)။

အတိတ်နဲ့ပစ္စုပ္ပန်ဆက်လိုက်တာလည်း. . (တဏှာ

ပါဘုရား)၊ အတိတ်ဒုက္ခနဲ့ ပစ္စုပ္ပန်ဒုက္ခလေ. . . (မှန်ပါ့)၊ ပစ္စုပ္ပန်ဒုက္ခနဲ့ အနာဂတ်ဒုက္ခ ဆက်လိုက်တာကော. . . (တဏှာပါဘုရား)။

နောက် ကာလသုံးပါးရှိတာပဲ၊ ကာလများလေးပါး ရှိရင် ဆက်ဦးမယ် သူ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါက အတိတ်ကာလ. . . (မှန်ပါ့)၊ ဒါက. . . (ပစ္စုပ္ပန်ကာလ)၊ ဒါက. . . (အနာဂတ်ကာလ)၊ ကာလများလေးပါးရှိရင် မခက်ဘူးလား၊ ခက်ဦးမယ်၊ သူ ဒီထက်ပိုပြီးတော့. . . (မှန်ပါ့)။

ကာလသုံးပါးဆက်မိတယ်ဆိုကတည်းက ကျုပ်တို့မှာ ကာလသုံးပါးလွတ်အောင်နေနိုင်တဲ့ ပုဂ္ဂိုလ်များပါကြရဲ့လား . . . (မပါပါဘူးဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီကာလသုံပါးထဲမှာ ကျုပ်တို့ဒုက္ခနဲ့ ပင်လယ်ဝေပြီး၊ ဒုက္ခနဲ့ဆက်ပြီး နေခဲ့ရတဲ့အဖြစ်ဆိုးကြီးဟာ ဒကာ ဒကာမတို့ လက်သည် ယနေ့ည ဖမ်းပေးနေတာပဲ. . . (မှန်ပါ့)၊ ဘယ်သူပါလိမ့်. . . (တဏှာပါဘုရား)၊ ရှင်းပလား. . . (မှန်ပါ့)။

ဩော်- တော်တော်မေတ္တာရှိတဲ့ သူနဲ့တူတယ်၊ အတိတ်ဒုက္ခနဲ့ ပစ္စုပ္ပန်ဒုက္ခကိုလည်း မပြတ်ရအောင် ဆက်ပေးပါ့မယ်တဲ့ တာဝန်ယူတယ်၊ ဘယ်သူကယူတုံး. . (တဏှာကယူပါတယ်ဘုရား)။

**အနန္တရပစ္စယော၊ အခြားမရှိဘူး**

အင်း. . ပစ္စုပ္ပန်ဒုက္ခပြီးလို့ရှိရင်လည်း မင်း ဟောဒီ အနန္တရပစ္စယော အခြားမရှိသေးဘူးကွ၊ ချောင်းကြည့်နေပြီး ဟောဒီ ပဋိသန္ဓေနဲ့ ဆက်ပေးမယ်တဲ့. . . (မှန်ပါ့)။

အခြားများရှိကြသေးရဲ့လား. . . (မရှိတော့ပါဘူး ဘုရား)၊ တော်တော်လောကွတ်ကောင်းပါလား၊ ဒကာဒကာမ တွေကလည်း ဒီတဏှာလေးစွန့်ရတော့မယ်ဆိုလို့ရှိရင်ဖြင့်၊ သားခင်မှုစွန့်ရတော့မယ်၊ သမီးခင်မှုစွန့်ရတော့မယ်၊ ကိုယ့် ခန္ဓာခင်မှုစွန့်ရတော့မယ်ဆိုရင် ကိုယ်ကျိုးကြီးနည်းတော့မှာပဲ။

ဘာပြုလို့တုံး၊ ဒုက္ခပေးမယ့်သူမရှိဘူး၊ ရိပ်မိပလား . . . (မှန်ပါ့)၊ ဘာမရှိတာတုံး. . . (ဒုက္ခပေးမယ့်သူမရှိတာပါ ဘုရား)။

ခက်နေပြီပေါ့၊ ခင်ဗျားတို့က တဏှာကို အသေအလဲ ခင်တယ်။ သူကလည်း ဒုက္ခပေးနေပြန်တယ်၊ မျက်စိလည်နေ လိုက်တဲ့ဖြစ်ခြင်း။ ဒကာ ဒကာမတွေ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဘယ်လောက် မျက်စိလည်နေတုံး. . . (တစ် သံသရာလုံးပါဘုရား)။ တစ်သံသရာလုံးလည်တယ်၊ ဒီလို ဆရာကောင်း သမားကောင်းမတွေ့လို့ရှိရင်လည်း၊ ဒီ ဒကာ ဒကာမတွေ ရှေ့လည်း ဒီကာလသုံးပါးထဲ လှည့်ပြေးနေမှာ ပဲ. . . (မှန်ပါ)။

မပြေးပေဘူးလား. . . (ပြေးမှာပါဘုရား)၊ ပြေးနေတာလည်း ဘယ်သူကပြေးခိုင်းတုံးဆို ဘယ်သူက ဆက်ပေးနေတုံး. . . (တဏှာကပါဘုရား)။

တဏှာက ဆက်ပေးနေတော့ ဒကာ ဒကာမတို့ ယခုအတိတ်ဘဝက ယခုပစ္စုပ္ပန်ဘဝရောက်ပြီ၊ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ရောက်တော့ ကျုပ်တို့သည်ကားလို့ဆိုရင်၊ တဏှာက ဆက်ပေးသဖြင့် အနာဂတ်ဘဝမရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)၊ သဘောကျပလား. . . (မှန်ပါ့)။

## ပစ္စုပ္ပန်ဘဝက အတိတ်ပြန်ဖြစ်တယ်

အနာဂတ်ဘဝရောက်တဲ့အခါကျတော့ကို ဒကာ ဒကာမတို့၊ ဒီ ဒီဘက်သုံးခုက အတိတ်ပြန်ဖြစ်ပြန်တာပေါ့၊ ပစ္စုပ္ပန်ဘဝက အတိတ်ပြန်ဖုံးတယ်၊ ဒီအတိတ်ဘဝနဲ့ ဒကာ ဒကာမတွေက ဒါ ပစ္စုပ္ပန်ဖြစ်မှာပဲ. . . (မှန်လှပါ)။

မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)၊ ပစ္စုပ္ပန်ပြီးရင် မောင်ကို တို့ ဒီဘက်အနာဂတ် မဆက်ဘူးလား၊ ဆက်မလား. . . (ဆက်မှာပါဘုရား)။

အင်း- ဘယ်တော့ပျောက်မတုံး. . . (မပျောက်ပါဘူးဘုရား)၊ ဒကာ ဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## သရက်သီးမှည့်ဥပမာ

ကိုင်း- ဒါဖြင့် ဒကာဒကာမတို့ သရက်သီးစားသလိုပဲ သရက်ပင်ဟာ မတုံးနိုင်ဘူး. . . (မှန်ပါ့)၊ ဦးခင်မောင် ကျုပ်က သရက်သီးမှည့်တစ်လုံးပေးလိုက်တယ်၊ ချိုလည်းချိုတယ်၊ ကောင်းလည်းကောင်းတယ်ဆိုတော့ ဦးခင်မောင် စားလည်းစားမှာပဲ. . . (မှန်ပါ့)။

မစားပေဘူးလား. . . (စားမှာပါဘုရား)၊ ဒီအစေ့ပစ်မှာလား၊ စိုက်ဦးမှာလား. . . (စိုက်ဦးမှာပါဘုရား)၊ စိုက်ပြီးသကာလ ခင်ဗျားလည်း ခင်ဗျားခင်တဲ့လူတွေ ပေးမှာပဲ. . . (မှန်ပါ့)။

ပေးတော့ ဟိုလူကလည်း ဒီအစေ့ပစ်မှာလား. . . (မပစ်ပါဘူးဘုရား)၊ မပစ်တော့ ဒီသရက်မျိုးပြတ်ပါဦးမလား . . . (မပြတ်ပါဘူးဘုရား)၊ ဘာပြုလို့မပြတ်တာတုံး၊ ဒီလို**ချည်း** ဆက်စိုက်နေလို့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒီမှာလည်း တဏှာက ဆက်စိုက်နေတာ. . (မှန်ပါ)၊ ရိပ်မိပလား. . . (မှန်ပါ့)၊ ဘယ်လိုများနေတုံး. . . (ဆက်စိုက်နေတာပါဘုရား).

ဒါ သရက်သီးကောင်းတာပေးကြည့်စမ်းပါ။ ချိုမြိန်ကောင်းမြတ်တဲ့ သရက်သီး ဒကာ ဒကာမတို့ တစ်ယောက်တစ်ယောက်ပေးကြည့်စမ်းပါ။ ဒီသရက်မျိုးပြတ်မလား၊

မပြတ်ဘူးလား. . . (မပြတ်ပါဘူးဘုရား)။

ဘာပြုလို့တုံးဗျ. . . (ဆက်စိုက်သွားလို့ပါဘုရား)၊ တစ်ယောက်က ပေးလိုက် သရက်မျိုးဘယ်တော့တုံးမှာတုန်း လို့မေးလို့ရှိရင် ဘယ်နဲ့ ပြောကြမတုံး. . (မတုံးပါဘူးဘုရား)။

## သရက်သီးမျိုးတုံးချင်ရင် မမြည်းနဲ့

တုံးချင်ရင် ဘယ့်နှယ့်လုပ်ရမတုံး. . . (မစိုက်ပဲဒီ အတိုင်းထားရမှာပါဘုရား)၊ ဒီလိုမလုပ်နဲ့လေ သွားကို မမြည်း နဲ့၊ မြည်းရင်စိုက်မိလိမ့်မယ်၊ ရိပ်မိပလား. . . (မှန်လှပါ)။

မမြည်းနဲ့ မြည်းရင် စိုက်မိမှာပဲ. . . (မှန်ပါ့)၊ ဟုတ် ဘူးလား. . . (မှန်ပါ့)၊ ဥပမာ- အိမ်ထောင်မကျမိနဲ့၊ ကျမိ လို့ရှိရင် သားရေး၊ သမီးရေး၊ စီးပွားရေးက ခင်တော့မှာပဲ . . . (မှန်ပါ့)။

စိုက်မိပြီပေါ့ဗျ. . . (မှန်ပါ့)၊ သဘောကျပလား. . . (မှန်ပါ့)၊ ဒီဥစ္စာ စားကို မစားနဲ့၊ မြည်းကို မမြည်းမှ သင့်ရုံရှိ မယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်လိုမှတော်ကြမတုံး. . . (သွား မမြည်းမှတော် မှာပါဘုရား)။ စားကိုလည်း မစားနဲ့၊ မြည်းကြည့်လဲ မမြည်း နဲ့၊ ဟုတ်ပလား. . . (မှန်ပါ့)။

မြည်းကြည့်လို့ရှိရင်ဖြင့် ကိုယ်စားချင်တဲ့ ဒီအသီးကို

ကိုယ်ကလည်း စိုက်ချင်ဦးမှာပဲ၊ ဟိုလူပေးပြန်တော့ကော. . (စိုက်ဦးမှာပါဘုရား)။

ဒီလိုချည့် စိုက်နေကြမယ်ဆိုရင် ဒီသရက်မျိုးစေ့ဟာ တုံးပါဦးမလား. . . (မတုံးတော့ပါဘူးဘုရား)။

အဲ့တော့ သံသရာရှည်တယ်ဆိုတာ ဒီတဏှာက သွား သွားပြီးမြည်းတာနဲ့ ခင်ဗျားတို့ရှည်နေတာ၊ ရိပ်မိပလား. . . (မှန်ပါ့)။ ဘယ့်နှယ့်များနေတုံး သွားမမြည်းစမ်းလေနဲ့နော် ဒကာ ဒကာမတို့ ရိပ်မိပလား. . . (မှန်ပါ့)။

ခု စမ်းကြည့်လိုက်တယ်၊ ခင်ဗျားတို့ ဘယ့်နှယ့်နေကြ တုံး။ သားဒုက္ခ၊ သမီးဒုက္ခ၊ ဆွေဒုက္ခ၊ မျိုးဒုက္ခ၊ ဒုက္ခများ မတွေ့ ဖူးတဲ့ဒုက္ခများ ရှိသေးလား. . . (မရှိပါဘူးဘုရား)။

## နတ်ပြည်ဖြင့်ကောင်းမည်ထင်ပါရဲ့

ဒါဖြင့် ဒီတဏှာကလည်း နောက်တွေ့ပြန်လို့ရှိရင် လည်း ဘုံဘဝတွေ တောင့်တဦးမယ်ဆိုလို့၊ နတ်ပြည်ဖြင့် ကောင်းထင်ပါရဲ့ သွားမြည်းရင်၊ နတ်ဒုက္ခနဲ့ တွေ့ဦးမှာပဲ . . . (မှန်ပါ့)၊ မတွေ့ပေဘူးလား. . . (တွေ့မှာပါဘုရား)။

ဗြဟ္မာပြည် မြည်းကြည့်ချင်ပြန်တော့. . . (ဗြဟ္မာ ဒုက္ခနဲ့တွေ့မှာပါဘုရား)။

နတ်ပြည် ဗြဟ္မာပြည်တော့ တော်လောက်ပါပြီ။ လူ့

ပြည်ပြန်လိုက်ဦးမယ်ဆိုတော့လည်း ဘာနဲ့တွေ့မှာတုံး. . . (ဒုက္ခနဲ့တွေ့မှာပါဘုရား)။

ဒါဖြင့် ဒီဉစ္စာ မြည်းကြည့်ချင်တာနဲ့ ဒုက္ခရောက်နေတာပဲ ရိပ်မိပလား. . . (မှန်ပါ့)။ အတော်မဆိုးဘူးလား. . . (ဆိုးပါတယ်ဘုရား)။

## ဘယ်သူကပေးပေး မမြည်းပါနဲ့

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လိုမြင်မှ သင့်မယ်ထင်တုံး၊ ဘယ်သူက သရက်သီးပေးပေး မမြည်းနဲ့၊ မြည်းရင် စိုက်ဖြစ်လိမ့်မယ်. . . (မှန်ပါ့)။ စိုက်တော့ ဒီမျိုးတုံးမှာ မဟုတ်ဘူး. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (မှန်ပါ့)။

အဲ့တော့ ခင်ဗျားတို့က အနေက မြဲရဲ့လား. . . (မမြဲပါဘူးဘုရား)။ မြည်းစမ်းပါရစေက လာချင်လာနေမှာ၊ မလာပေဘူးလား. . . (လာမှာပါဘုရား)။

လာလေလေ ဒီမျိုးစေ့က စိုက်လေလေ မနေဘူးလား . . (နေပါတယ်ဘုရား)။ ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ သရက်သီး သံသရာရှည်တာ သိပြီလား. . . (သိပါပြီဘုရား)။

ဒီ သရက်ပင်တုံးသွားလို့ရှိရင်ဖြင့်၊ ဒီသရက်ပင်ဟာ ဒီတစ်ခါစိုက်တယ်၊ နောက် ဒီအစေ့တွေကို တစ်ခါ ရေနွေးနဲ့ဖျောပြီးသကာလ မြစ်ထဲချည့် သွန်၊ ဒီအပင်တုံးလို့ရှိရင်

ဘယ့်နှယ့်ဆိုကြမတုံး။ နောက်ပြတ်တယ် . . . (ပြတ်ပါတယ် ဘုရား)၊ ဟုတ်ဘူးလား . . . (မှန်ပါ့)။

ခုတော့ မဟုတ်ဘူး၊ လက်ဆင့်ကမ်းနေတာနဲ့ပဲ ဘယ့်နှယ်တုံး . . . (မပြတ်တော့ပါဘူးဘုရား)။ ပြတ်သေးရဲ့လား . . . (မပြတ်တော့ပါဘူးဘုရား)။

ဒါဖြင့် သစ်ပင်တွေဟာ ဘယ်လောက်ကြာပြီတုံးမေးရင် ဘယ့်နှယ့်ဖြေကြမတုံး . . . (အစမရှိပါဘူးဘုရား)။ ဟင် အစမရှိအောင်ဖြစ်နေတယ်၊ သဘောကျပလား။

ခင်ဗျားတို့ကော . . . (အစရှာမတွေ့ပါဘူးဘုရား) အဲ့ဒါကြောင့် ဘုရားက အစမရှိခဲ့တာ လုံးနေလို့ မမြင်တာသာ မှတ်ပေတော့၊ ရိပ်မိပလား . . . (မှန်ပါ့)။

## ကြက်ဥ အစရှာမတွေ့ဘူး

ကြက်ဥဟာ အစရှိရဲ့လား . . . (မရှိပါဘူးဘုရား) မရှိတာ ကြက်ဥအစရှာမတွေ့ဘူး၊ လုံးနေတာကိုး . . (မှန်ပါ့) ရိပ်မိပလား . . . (မှန်ပါ့)။

ခင်ဗျားတို့ အစမရှိတာကော . . . (လုံးနေလို့ပါဘုရား)။ အဲ့ လုံးနေတာ ဘုရားကနေ အစမရှိဘူးကွာ၊ မင်းဟာ လုံးတုံးကြီး၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အိုလိုက်၊ နာလိုက်၊ သေလိုက် လှည့်လုံးနေတာကိုး၊

ရိပ်မိပလား. . . (မှန်ပါ့)။ ဘယ့်နှယ်ဖြစ်နေတုံး. . . (လုံးနေပါတယ်ဘုရား)။

လုံးနေတယ်၊ လုံးတာဘယ်အလုံးတုံးဆို ပဋိသန္ဓေပြီးတော့ ဘာတုံး။ အို၊ နာ၊ သေ၊ သေပြီးတော့ ဘာတုံး. . . (ပဋိသန္ဓေပါဘုရား)။ ပဋိသန္ဓေပြီးတော့. . . (အို၊ နာ၊ သေပါဘုရား)။ အင် ပြီးတော့ကော. . . (ပဋိသန္ဓေပါဘုရား)။

ပဋိသန္ဓေပြီး ဘာလာမယ်. . . (အို၊ နာ၊ သေပါဘုရား)။ ဒီပဋိသန္ဓေကလည်း ဒီနေရာတွင် နေလား၊ ဟိုဘက်ရွှေ့သွား၊ ဒီဘက်ရွှေ့သွား. . . (မှန်ပါ့)။ ဘယ့်နှယ်တုံး အစရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘူးဘုရား)။

## အို၊ နာ၊ သေ လှည့်နေတယ်

အို၊ နာ၊ သေကလည်း ဒီနေရာတင်မြဲသလား. . . (မမြဲပါဘူးဘုရား)၊ မမြဲဘူး၊ တော်ကြာ နတ်အိုနာသေ၊ လူအိုနာသေ၊ တိရစ္ဆာန် အို နာ သေ. . . (မှန်ပါ)။ မြဲသေးရဲ့လား . . . (မမြဲပါဘူးဘုရား)။

အဲ့တော့ အစဘယ့်နှယ့်လုပ်ရှာကြမတုံး. . . (ရှာလို့မရပါဘူးဘုရား)။ သဘောကျပလား. . . (မှန်ပါ့)။

ကဲ ယနေ့တောဖြင့် အစတော့တွေ့ပြီ ဒကာ ဒကာမတို့၊ သူ လုံးပြေးနေသမျှ သူကချည့်ပဲ ရိပ်မိပလား. . . (မှန်ပါ့)။

ပစ္စုပ္ပန်ခန္ဓာနဲ့ အတိတ်ခန္ဓာနဲ့ ဆက်စပ်အောင် လုံး
ပေးလိုက်တာ. . . (တဏှာကပါဘုရား) တဏှာ။

## ဒါကြောင့် အပ်ချုပ်သမားလို့ခေါ်တာ

ဒါကြောင့် အပ်ချုပ်သမားလို့ခေါ်တာ၊ ရှင်းပလား။ အဲ ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ်ခန္ဓာ လုံးပေးလိုက်တာ. . . (တဏှာပါဘုရား)။

တစ်ခါ အနာဂတ်ခန္ဓာက ပစ္စုပ္ပန်ဖြစ်ပြီးသကာလ၊ အနာဂတ်ခန္ဓာက အတိတ်ဖြစ်ပြီး ပစ္စုပ္ပန်ခန္ဓာနဲ့ လုံးမှာကော ဘယ်သူတုံး. . . (တဏှာပါဘုရား)။

ပစ္စုပ္ပန်ခန္ဓာနဲ့ နောက်လာမယ့်အနာဂတ်ခန္ဓာနဲ့ လုံးမှာကော ဘယ်သူတုံး. . . (တဏှာပါဘုရား)။ နို့ ဒီသရက်စေ့ချည့် ကျနေပါပေါ့လား. . . (မှန်ပါ့)။

ဘာကျနေတုံး. . . (ဒီသရက်စေ့ချည့် ကျနေပါတယ်ဘုရား)။ ဒီ သရက်စေ့ချည့် ကျနေတာ၊ သူ့ချည့်စိုက်နေကြတာကိုး. . . (မှန်ပါ့)။ သူ့ချည့်စိုက်နေတော့ ဘာပင်ချည့်ပေါက်တုံး. . . (တဏှာပင်ချည့်ပေါက်ပါတယ်ဘုရား)။

ဒုက္ခပင်ချည့်ပေါက်တယ်ဆိုပါစို့၊ တဏှာက သမုဒယသစ္စာ။ အသီးပြန်ပေါက်တာတွေက. . (ဒုက္ခသစ္စာပါဘုရား)။ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဒီမျိုးပြုတ်မှ လက်စသတ်မယ်

အဲ့တော့ ဒကာ ဒကာမတွေ၊ ဒီမျိုးမပြုတ်သရွေ့ ကျုပ်တို့တော့ဖြင့် ဒုက္ခလက်စသတ်တော့မယ် မဟုတ်ဘူးဆို တာ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကွာတဲ့ ဒီလိုလုပ်ပါတဲ့၊ မင်းတို့ ကြက်ဥအစ ရှာမတွေ့သလို အလုံး ပြေးတော့ မနေပါနဲ့တော့ ဟုတ်လား . . . (တင်ပ့ါ)။

ဒါ မြင်တဲ့ ပုဂ္ဂိုလ်က ပြောလို့နော် . . . (မှန်ပ့ါ) ကိုယ့်ဟာကိုယ်တော့ . . . (မသိပါဘူးဘုရား)။

ဒကာဒကာမတို့ ကိုယ့်ဟာကိုယ် လုံးနေတာများ သိကြရဲ့လား . . . (မသိပါဘူးဘုရား) မသိဘူးနော် . . . အခုရောက်တာ အသစ်ပဲ မှတ်နေတာ ဦးဝင်း ခုရောက်တာ ဘာတုံး . . . (အသစ်လို့ မှတ်ပါတယ်ဘုရား)။

အင်း နောက်ရောက်ပြန်တော့ကော . . . (အသစ် ပဲ မှတ်ပါတယ်ဘုရား) ဟင် လုံးတာကို မပါဘူး ကိုယ့်ဟာ ကိုယ်တော့ အသစ်ချည့်ပဲ ကံကောင်း အကြောင်းသင့်လို့ အကျိုး ပေးလာလို့ တော်တော်သေး တော်တော်သေးရဲ့ လုံးနေ တာကြီး တော်တော်သေးရဲ့ လုပ်နေတာပဲ ရိပ်မိပလား . . . (မှန်ပ့ါ)။

ဘာကို တော်တော်သေးရဲ့တုံး . . . (လုံးနေတာကို

ပါဘုရား) ဖြစ်ပုံ လုံးနေတာကိုမှ မသိတော့ တော်တော် သေးရဲ့ဗျာ တော်တော်သေးရဲ့ဆိုတော့ ရောက်ရာ ဘာလမ်း တုံး . . . (တင်ပ့ါ)။

ဒီအလုံးကြီးဟာ ဘယ်တော့မှ အဆုံးမရှိဘူးဆိုတာ သိသေးရဲ့လား . . . (မသိပါဘူးဘုရား) မသိတဲ့အပြင် ကိုယ်ကအရတော်လေစွ ဖြစ်နေတယ် . . .

လုံးနေတာကို တော်လေစွ . . . သဘောကျပလား . . . (မှန်ပ့ါ) ကောင်းပြီ ဒကာဒကာမတို့ ခင်ဗျားတို့ သင်းခွေ ချပ်ဆိုတာ မြင်ဖူးကြရဲ့လား . . . (မှန်ပ့ါ)။

## သင်းခွေချပ်ဆိုတာ

သင်းခွေချပ်ဆိုတာ တခြားမဟုတ်ပါဘူး ဒကာ ဒကာမတို့ ဖွတ်လို အကောင်းမျိုးပါပဲ . . . ဟိုမိုးကုတ် ဆီကျတော့ သိပ်ပေါတယ်၊ ပြီးတော့သည် ခွေးလာမယ်ဆိုလို့ ရှိရင် လုံးပစ်လိုက်တာ။

ခွေးလာလို့ရှိရင် ခေါင်းငုံ့ပြီး အကုန်လုံး လိုက်တာ အခွေကြီးမို့လား၊ ပျားလာလို့ ရှိရင်လဲ သူက လုံးပစ်လိုက်တာ . . . (မှန်ပ့ါ) သူလုံးပစ်လိုက်တယ် သူ အန္တရာယ်ကင်းတယ် သူက အကြီးကြီးပဲ။ တစ်ချပ်တစ်ချပ်ကို နည်းတာမ မဟုတ်ဘူး နှစ်လက်မခွဲလောက် ရှိတယ်. . . . (မှန်ပ့ါ)။

အဲ့ဒါကြီး တွေကျတော့လဲ ပျားကပေါက်အောင်မကိုက်နိုင်ဘူး. . . (မှန်ပါ့) အကြေးက အကုန်ကပ်နေတာ(မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့)။

ငါး, အကြေးတွေလို ထပ်နေတာပဲ၊ သူ့အကြေးတွေကလဲ အချွန်တွေနဲ့၊ အဲ့တော့ ဘယ်အကောင်ကိုက်လို့ ရပါသတုံး. . . (မရတော့ပါဘူးဘုရား)၊

သူက လုံးရတာ အင်မတန်ကျေနပ်တယ်၊ ဘာပြုလို့ တုံးလုံးရတာ အန္တရာယ်ကင်းတယ်၊ ရိမ်မိပလား ဒီဒကာဒကာမတွေက ဘယ့်နှယ့်ဖြစ်နေတုံး။

သံသရာထဲ လုံးပြေးနေရတာကို တစ်ခါတည်း အန္တရာယ် ကင်းလိမ့်မလဲဗျ၊ အန္တရာယ်ကင်းတာ တစ်ခုပါလား. . . (မပါပါဘူးဘုရား)

## သင်းခွေချပ်စိတ်ပေါက်နေတယ်

ကဲ သူ သင်းခွေချပ်စိတ် ပေါက်နေတာ၊ ဘုန်းကြီးတို့ကော ဒကာမတွေက ဟုတ်ဘူးလား၊ လုံးနေလို့ရှိရင် ခွေးလဲမကိုက်နိုင်ဘူး သူ့ကို. . . (မှန်ပါ့)။

ပျားကော. . . (မကိုက်နိုင်ပါဘူးဘုရား) လူတွေက တစ်ခါတည်း သူလုံးနေလို့ရှိရင် ခြေထောက်နဲ့ ကန်ပစ်လဲ အလုံးအတိုင်း သွားတာပဲ၊ ကဲ သူ့မှာ အန္တရာယ်ကင်းမနေဘူး

လား(ကင်းပါတယ်ဘုရား)။

ဒီမှာလဲ ဒကာဒကာမတွေက ရောက်လာတဲ့ ဘဝမှာ . . . ဩော် ကံကောင်း အကြောင်းသင့်ပြီး တော်တော်သေး ရဲ့ဆိုပြီး လုံးနေတာနဲ့ အန္တရာယ် ကင်းတယ်ပြောရမလား၊ ရိမ်မိပလား. . . (မှန်ပါ့) ဘာပြောနေကြတာတုံး. . . (အန္တရာယ်ကင်းတယ်လို့ ပြောပါတယ်ဘုရား) လုံးတာ အန္တရာယ်ကင်းတာပြောတာနော်၊ လုံးတာအစရှာတွေ့ရဲ့လား (မတွေ့ပါဘူးဘုရား)။

## ထိုးထွင်းသိဖို့ရာထိုးထွင်းသိ

ဒါဖြင့် ဒကာဒကာမတို့ ဘုရားကဟောတာက မင်း တို့ကွာတဲ့ ထိုးထွင်းသိဖို့ရာ ထိုးထွင်းသိကြစမ်းပါဦး၊ ပိုင်းခြား သိဖို့ရာ ပိုင်းခြားသိကြစမ်းပါဦး။ ဟောလာပြီ. . . (မှန်ပါ့)။

ထိုးထွင်းသိဖို့ရာ. . . (ထိုးထွင်းသိရမှာပါဘုရား) ပိုင်း ခြားသိရမှာ. . . (ပိုင်းခြားသိရမှာပါဘုရား) ပိုင်းခြားသိပါဦး တဲ့ မင်းတို့ဉစ္စာ လုံးတုံးကြီးဖြစ်နေတယ်၊ ရှင်းပလား. . . (ရှင်း ပါပြီဘုရား)။

ဒကာဒကာမတို့ ဘယ့်နှယ့်များ ဖြစ်နေတုံး. . . (လုံးတုံးကြီးဖြစ်နေပါတယ်ဘုရား) လုံးနေတာပဲ ကိုယ့်အလုံး ကိုယ်မသိဘူးဗျ ခက်လိုက်တဲ့ ဖြစ်ခြင်းက (မှန်ပါ့)။

ကိုယ့်အလုံးကို ကိုယ်မသိတဲ့အခါ ကျလို့ရှိရင်

ကိုယ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ ဒီလုံးလုံးနဲ့ပဲ သူ့ဟာက နေရတာ အချိုးကျတယ်. . . မကျဘူးလား. . . (ကျပါ တယ်ဘုရား)။

သင်းခွေချပ်လုံးရတာ အန္တရာယ်ကင်းတယ်မှတ်နေ တာ (မှန်ပါ့) မမှတ်ဘူးလား. . . (မှတ်ပါတယ်ဘုရား) အဲ ခင်ဗျားတို့ လုံးနေရလို့ရှိရင် . . . (အန္တရာယ်ကင်းပါတယ် ဘုရား)။ အန္တရာယ်ကင်းတယ် အရတော်လေစွ။ ဒီလိုဖြစ်နေ တာ ဦးခင်မောင်ကြီးရဲ့ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)

တော်ကြာကျတော့ စုတိနဲ့ပဋိသန္ဓေ၊ ပဋိသန္ဓေနဲ့စုတိ ပြန်လုံးတာပဲ မလုံးဘူးလား. . . (လုံးပါတယ်ဘုရား)။

ပဋိသန္ဓေ ပြီးဘာတုံး. . . (စုတိပါဘုရား) စုတိပြီး ဘာလာပြန် (ပဋိသန္ဓေပါဘုရား)။ ပဋိသန္ဓေပြီးဘာလာပြန် . . . (စုတိပါဘုရား) သူဘာလုပ်တာတုံး. . . (လုံးတာပါ ဘုရား)။

## ပိုင်းခြားသိဖို့ရာပိုင်းခြားသိ

အဲဒါ ခုသိပြီလား. . . (သိပါပြီဘုရား) အဲဒီဥစ္စာသိ အောင်လုပ်ကြစမ်းပါ။ ထိုးထွင်းသိဖို့ရာ ထိုင်းထွင်းသိကြစမ်းပါ ကွ၊ ဟုတ်လား. . . ပိုင်းခြားသိဖို့ရာကို . . . (ပိုင်းခြားသိ) အဲဒီကဲ့သို့ ထိုးထွင်းသိ ပိုင်းခြားသိဖို့ရာ ပိုင်းခြားသိခဲ့လို့ရှိရင်

ယခုဘဝနိဗ္ဗာန်ရမယ်လို့ ငါအသေအချာဟောတယ်။

ဒကာဒကာမတို့ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဒီနှစ်ခုသိရင် ဒီဘဝနိဗ္ဗာန်ရောက်ပါတယ်

ထိုးထွင်းသိဖို့ရာ ထိုင်းထွင်းသိရမယ်. . . (မှန်ပါ့) ပိုင်းခြားသိဖို့ရာကော. . . (ပိုင်းခြားသိရမှာပါဘုရား) အဲဒါနှစ်ခုသိလို့ရှိရင် ဒီဘဝနိဗ္ဗာန်ရောက်ပါတယ်လို့ သံယုတ်ပါဠိတော်မှာ ကိုယ်တော်တိုင် တစ်ခါတည်း အန္တသုတ်မှာ အသေအချာဟောတာ. . . သဘောကျပလား. . . (မှန်ပါ့)

ဒါဖြင့် ဒကာဒကာမတို့ ထိုးသွင်းသိဖို့ရာ ဘာလုပ်ရမှာတုံး (ထိုးထွင်းသိရမှာပါဘုရား) ပိုင်းခြားသိဖို့ရာ. . . (ပိုင်းခြားသိရမှာပါဘုရား) ဤကဲ့သို့သိရင်ဘာဖြစ်မတုံး. . . (နိဗ္ဗာန်ရမှာပါဘုရား)။

နောက်ဘဝလား၊ ဒီဘဝလား. . . (ဒီဘဝပါဘုရား) ဒီဘဝ ကောင်းပြီဒါဖြင့် ထိုးထွင်းသိဖို့ရာကို ထိုးထွင်းသိရမယ် ပိုင်းခြားသိဖို့ရာကို ပိုင်းခြားသိရမယ် ဆိုတာဖြင့် သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒုက္ခတော့ အသေအချာဆုံးတော့မဟော့တဲ့၊ ခုပြောတဲ့နှစ်ခုကို နားလည်လို့ရှိရင်၊ ထိုးထွင်းသိရမှာကို. . . (ထိုးထွင်းသိပါဘုရား) ပိုင်းခြားသိရမှာကို. . . (ပိုင်းခြားသိရမှာပါဘုရား)။

အဲဒီ အသိနှစ်ခုက သိပ်အရေးကြီးတယ်ကွ၊ အခု တော့ ဘုန်းကြီးပောလာတဲ့အတွက်၊ ဩော် ထိုးထွင်းတော့ ဖြင့် သိပါပြီ၊ ပိုင်းခြားသိကျန်နေတယ်. . . (မှန်ပါ)

ထိုးထွင်းတော့သိပြီ၊ ဩော် အလုံးကြီးပါလား ဘယ် ကဆက်ပေးလို့ပါလိမ့်. . . (တဏှာကပါဘုရား)၊ ဩော် တဏှာကဆက်ပေးနေလို့၊ တဏှာမဆက်ရင် ဒီအလုံးမထူး ဘူး၊ ဒီလိုလုံးစရာအကြောင်း မရှိဘူး မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## တဏှာဆက်မပေးရင်လုံးစရာမရှိ

တဏှာဆက်မပေးလို့ရှိရင်. . . (မလုံးပါဘူးဘုရား) လုံးစရာလဲမရှိဘူးဆိုတာ သဘောကျပလား. . . (ကျပါ တယ်ဘုရား)။ ခုလုံးနေတာဘာကြောင့်တုံး. . . (တဏှာ ကြောင့်ပါဘုရား)။

အင်းတော်ပြီ ခင်ဗျားတို့ ဒီဥစ္စာတော်တော်နေရာကျ သွားပြီ။ ဩော် သူ့လက်ချက် ဘာ်ပြင်းနေပါ့လား သဘောကျပလား. . . (မှန်ပါ)။

ကြက်ဥထဲက ကြက်ကလေးဖြစ်နေရတာသည်၊ အလုံးအလယ်ထဲမှာ ဖြစ်ရတာပဲ ခြေလဲမဆန့်သာ၊ တောင်ပံ လဲမပျံသာ၊ ဘယ်လောက်များကျဉ်းကျပ်တုံး၊ မကျဉ်းကျပ်ဘူး လား. . . (ကျဉ်းကျပ်ပါတယ်ဘုရား)။

ဒီအတိုင်းသာ ခင်ဗျားတို့ တစ်သံသရာလုံး နေခဲ့တဲ့ အခါ၊ ဆန့်သာ ကွေးသာကိုမပါဘူး၊ လုံးနေတာပဲ. . . (မှန်ပါ့) သဘောကျပလား. . . (မှန်ပါ့)။

ကိုင်းဘယ်လိုနေခဲ့တုံး. . . (မဆန့်သာ မကွေးသာပါ ဘုရား)။ တိုတိုပြောကြပါစို့၊ ကြက်ဥနေ နေခဲ့ရတယ်၊ ရိပ်မိပ လား. . . (မှန်ပါ့)။ ဘယ်လိုများနေခဲ့ရတုံး. . . (ကြက်ဥနေ နေခဲ့ရပါတယ်ဘုရား) ဘာပြုလို့တုံး လုံးတဲ့အထဲနေခဲ့ရတာ ကိုး၊ လုံးတဲ့အထဲနေခဲ့ရတော့ ဒကာဒကာမတွေ ဘာနေနေခဲ့ ရတုံး. . . (ကြက်ဥနေပါဘုရား)။

ခြေထောက်ကလေးများ ဆန့်သာရဲ့လား. . . (မဆန့်သာဘူးဘုရား) အတောင်ကလေးများကော . . . (မဆန့်သာပါဘူးဘုရား) နှုတ်သီးလေးကော၊ လည်ပင်း လေးကော ဆန့်သာရဲ့လား. . . (မဆန့်သာပါဘူးဘုရား)။

အဲဒါကို မရိပ်မိဘူး၊ ရိပ်မိသေးရဲ့လား. . . (မရိပ်မိပါ ဘူးဘုရား) တော်တော်ဆိုးပါလားဗျ မဆိုးဘူးလား. . . (ဆိုး ပါတယ်ဘုရား)။

## တဏှာသတ်လိုက်ရင် လုံးစရာမရှိ

အဲတော့ ခုဖြင့် အင်းနေရာကျပဟော့ လုံးထားတာ တဏှာပဲ၊ ကောင်းပြီ မင်းသတ်လိုက်ရလို့ရှိရင်တော့ဖြင့် မင်းမ ရှိလို့ရှိရင် တို့လုံးစရာမရှိဘူး၊ မပေါ်သေးဘူးလား (ပေါ်ပါပြီ)။

သူမရှိရင် ဘယ့်နှယ့်လုပ်. . . (မလုံးတော့ပါဘူး ဘုရား)။ လုံးစရာမရှိတော့ဘူးဆိုတော့ ဒကာဒကာမတို့ ခုတော့ဖြင့် လုံးစရာမရှိတော့ဘူးဆိုလို့ရှိရင်ဖြင့် တို့သည်ကား လို့ ဆိုရင်ဖြင့် အတော်နေရာကျပြီ၊ နို့မဟုတ် အလုံးဆိုရင်ဖြင့် လှိမ့်နေမှာပဲ (မှန်လှပါ)။

မလှိမ့်ပေဘူးလား. . . (လှိမ့်ပါတယ်ဘုရား) အရင် ဇာတိလာသေးသလား. . . (မလာပါဘူးဘုရား) စုတိ ပဋိသန္ဓေ အိုလိုက် နာလိုက် သေလိုက်၊ အိုလိုက် နာလိုက် သေလိုက်၊ ဒီပြင်ဘာ လှည့်စရာရှိသေးတုံး. . (မရှိတော့ပါဘူး ဘုရား)။

သဘောကျပလား. . . (ကျပါတယ်ဘုရား) အဲဒါ ကိုယ့်ဖြစ်စဉ်ဆိုတာ မှတ်မိပလား. . . (မှတ်မိပါတယ်ဘုရား)

အဲဒီကဲ့သို့ကြည့်တော့ ထိုးထွင်းသိရမှာ ထိုးထွင်းသိရ မည်တဲ့။ သို့သော် ပိုင်းခြားသိဖို့ကျန်သေးတယ်နော်။

ခုဟာထိုးထွင်းသိပဲရှိသေးတယ်နော် ပိုင်းခြားသိက . . . (ကျန်ပါသေးတယ်ဘုရား) သဘောကျပလား. . . (ကျ ပါပြီဘုရား)။

ဒါဖြင့် မနက်ဖြန်မှ ပိုင်းခြားသိဟောတော့မယ်. . .

သာဓု . . . သာဓု . . . သာဓု။